ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၇၃) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၇၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၄၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၆၉.၃၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၇၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော် ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးအေး၊ မန္တလေး(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ပါတီအစည်းအဝေး။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ကျန်းမာရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကျန်းမာရေး။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ကျန်းမာရေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကျန်းမာရေး။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကျန်းမာရေး။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကျန်းမာရေး။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကျန်းမာရေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သူဦး၊ မကွေး(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်ဝင်း၊ မကွေး(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကျန်းမာရေး တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၆) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၆၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်း အနောက်ဘက်ခြမ်းရှိ ဟာစ်တိုင်နေရာကို လူအများသွားလာသည့် နေရာသစ်တစ်ခုသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်း အနောက်ဘက်ခြမ်းရှိ ဟာစ်တိုင်နေရာကို လူအများသွားလာသည့် နေရာသစ်တစ်ခုသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု အမေရိကန်နိုင်ငံ နယူးယောက် အိုင်းစကွဲယားရင်ပြင်မှာ ပြည်သူထောင်နဲ့ချီပြီး ဆန္ဒပြနေပါတယ်။ ဝါရှင်တန်အစိုးရက သူ့ကွန်ဂရက်မှာ အင်္ဂလန် ချူကလီးယား အရေးနဲ့ပတ်သက်လို့ တင်ပြနေတဲ့ အချိန်ကိုက် ပြည်သူတွေဟာ ထောင်ချီပြီးတော့ ဆန္ဒပြနေတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်ကို အဓိပ္ပာယ်ဖွင့်မယ်ဆိုလို့ရှိရင် လွှတ်တော်နဲ့ အစိုးရချည်းပဲ ဖွင့်လို့မရပါဘူး။ ပြည်သူနဲ့ဆန္ဒပြမှုကိုပါ ပေါင်းစပ်ပြီးဖွင့်ဆိုရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် လွှတ်တော်နဲ့ အစိုးရဆိုတာ နိုင်ငံတိုင်းမှာ ရှိပေမယ့် ပြည်သူနဲ့ ဆန္ဒပြမှုဆိုတာကတော့ နိုင်ငံတိုင်းမှာ မရှိပါဘူး။ ဆန္ဒပြမှုဆိုတဲ့ ကြာဟာ ဒီမိုကရေစီဆိုတဲ့ အိုင်ရှိမှသာ ဖူးရတာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပါလီမန်လေ့လာရေးခရီးစဉ်အရ အိန္ဒိယနိုင်ငံကို ရောက်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ နယူးဒေလီမြို့ အကောင်းဆုံး နေရာမှာ ဆန္ဒပြတဲ့ ရင်ပြင်တစ်ခု ဖန်တီးထားတာ တွေ့ရပါတယ်။ ဒီနေရာမှာဆိုလို့ရှိရင်လည်း ကျွန်တော်တို့ လေ့လာတဲ့အခါမှာ အိန္ဒိယပြည်သူတွေ ရာချီပြီးတော့ ဆန္ဒပြနေတာ တွေ့ရပါတယ်။ ပတ်ဝန်းကျင် ပတ်ပတ်လည်ဟာ ဆိုလို့ရှိရင် အများသူငါ သွားလာနေတဲ့ လမ်းကြီးပါပဲ ကျွန်တော်တို့လည်း ဒါကိုကြည့်ခဲ့ရပါတယ်။ ဒီလိုပဲ ဒီမိုကရေစီနိုင်ငံ ဖြစ်တယ်လို့ ကြွေးကြော်ထားတဲ့ စင်ကာပူနိုင်ငံမှာလည်း သူ့မြေနေရာရှားပါးပေမယ့် စင်ကာပူနိုင်ငံ စင်ကာပူမြို့ရဲ့ အကောင်းဆုံး နေရာတစ်ခုမှာ စိမ်းလန်းသော အကောင်းဆုံးမြက်ခင်းများနဲ့ ဒီမိုကရေစီ ဟာစ်တိုင်နေရာကို ဖန်တီးထားတာ တွေ့ရပါတယ်။

ဒါပေမဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေ အများဆုံးဖြစ်တဲ့ ရန်ကုန်မြို့ ရဲ့ ဆန္ဒပြတဲ့ ဟာစ်တိုင်နေရာရဲ့အနေအထားကတော့ နုံချာလှပါတယ်ခင်ဗျား။ လူသူအသွားအလာနည်းပါးတဲ့ ကျိုက္ကဆံဥယျာဉ်ရဲ့ အနောက်ဘက်ခြမ်း ကျိုက္ကဆံအုတ်တံတိုင်းကြီးကို ဖောက်ပြီးတော့ အထဲမှာ အုတ်တံတားတစ်ခုပတ်ပြီးတော့ ဒီနေရာကိုပဲ ဆန္ဒပြတဲ့နေရာလို့ သတ်မှတ်ပေးထားတာ ဖြစ်ပါတယ်။ ဒီနေရာအနေအထားကို ရောက်လိုက်တာနဲ့ ကျွန်တော်တို့ဆန္ဒပြတဲ့လူက မွန်းကြပ်မှုကို ခံစားရမှာဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ အများပြည်သူနဲ့ဆိုင်တဲ့ ဒီထက်မွန်းကြပ်တဲ့နေရာကို ပြပါဆိုလို့ရှိရင်လည်း အင်းစိန်ကိုပဲပြရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူဟာ အင်အားအကြီးဆုံး စနစ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဒီဆန္ဒပြတဲ့လူက အင်အားအကြီးဆုံးဖြစ်တဲ့ ပြည်သူကိုသာ တင်ပြရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဆန္ဒပြတဲ့နေရာဟာ ပြည်သူရဲ့ နှလုံးသားဖြစ်တဲ့ ဟာစ်တိုင်နေရာ၊ ရင်ပြင်နေရာမှာဖြစ်ရမှာဖြစ်ပါတယ်။ အာဇာနည်ကုန်းကို ပြည်သူတွေ အလေးအနက်ပြုတယ်ဆိုတာက

အာဇာနည်ကြီးရဲ့ ဝိညာဉ်တင်မဟုတ်ပါဘူး။ လွတ်လပ်တဲ့စနစ်ကိုလည်း အလေးအနက်ပြုရာ ရောက်ပါတယ်။

ဒါကြောင့် ဟစ်တိုင်တွေ၊ ဆန္ဒပြတဲ့ကွင်းတွေကိုလည်း ကျွန်တော်တို့က ပြည်သူရဲ့ နှလုံးသားကို လေးစားတဲ့အနေနဲ့သော်လည်းကောင်း၊ ဒီမိုကရေစီစနစ်ကို တန်ဖိုးထားတဲ့အနေနဲ့ သော်လည်းကောင်း၊ ကျွန်တော်တို့ အလေးအမြတ် ခမ်းနားထည်ဝါတဲ့ နေရာတစ်ခု ဖြစ်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့်တစ်ချိန်မှာ မြန်မာ့တိုင်းအိုင်းစကွဲယားရင်ပြင်လို့ ကြွေးကြော်နိုင်အောင်လို့ လက်ရှိနေရာအနေအထားကနေ ဒီထက်ပိုမိုကောင်းမွန်တဲ့ နေရာတစ်ခုကို ပြောင်းရွှေ့နိုင်ရေးအတွက် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းအနောက်ဘက်ခြမ်းရှိ ဟစ်တိုင်နေရာကို လူအများသွားလာသည့် နေရာတစ်ခုသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းချက်နဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေကြီးအတွင်း ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်ကို ဥပဒေနှင့်အညီ ဆန္ဒဖော်ထုတ်နိုင်ရန်အတွက် တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်း နေရာသတ်မှတ်ပေးထားပြီး ဖြစ်ပါတယ်။

တာမွေမြို့နယ်ဟာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အချက်အချာကျပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူကာ ရန်ကုန်မြို့ အလယ်ဗဟိုတွင် တည်ရှိသောမြို့နယ် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ်ဆန္ဒဖော်ထုတ်မှုများရှိပြီး ယခင်ဟစ်တိုင်ကွင်း မရှိခင်က ဆူးလေဘုရားအနီး မဟာဗန္ဓုလပန်းခြံနှင့် မိမိတို့အဆင်ပြေသည့်နေရာများတွင် ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်သဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ အများဆုံးဖြစ်ပွားသည့် အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်ပွားရပါတယ်။ ရန်ကုန်မြို့ရဲ့ အချက်အချာကျပြီး သွားလာရေး အဆင်ပြေသည့် တာမွေမြို့နယ်ရှိ ကျိုက္ကဆံကွင်းအတွင်း အလျား (၃၄၀)ပေ x အနံ (၁၅၅)ပေ အကျယ်အဝန်း ရှိသော ကွင်းတွင် ဟစ်တိုင်အဖြစ် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဟစ်တိုင်ကွင်းအတွင်း ပောပြောစင် ပြုလုပ်ပေးခြင်း၊ လျှပ်စစ်မီးသွယ်တန်းပေးခြင်း၊ ရေ

ရရှိရေး ဆောင်ရွက်ပေးခြင်းတို့အား စီမံဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။ အဆိုပါ ဟစ်တိုင်ကွင်းသည် အများပြည်သူ သွားလာရန် လွယ်ကူသည့် နေရာတွင် ခွင့်ပြုပေးထားခြင်းဖြစ်ပြီး ခွင့်ပြုချက်ဖြင့် လမ်းလျှောက်လိုသူများအတွက်လည်း ဗိုလ်စိန်မှန်ကွင်းတွင် စုရပ်လုပ်ပြီး ဟစ်တိုင်ကွင်းသို့ စီတန်းလမ်းလျှောက်ပါက (၁)မိုင်သာဝေး၍ ယာဥ်ကြောပိတ်ဆို့မှုမရှိခြင်းနှင့် အများပြည်သူ စိတ်အနှောင့်အယှက် မဖြစ်စေရေးအတွက် ဟစ်တိုင်ကွင်းတွင် ဥပဒေနဲ့အညီ ဆန္ဒဖော်ထုတ်နိုင်ရန် ခွင့်ပြုပေးခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ ဟစ်တိုင်ကွင်းအား အခြားတစ်နေရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဥ်မရှိပါကြောင်းနှင့် ဟစ်တိုင်ကွင်းအားကာရံထားသည့် အုတ်တံတိုင်းသည် လုံခြုံရေးအရ ကာရံထားသော အုတ်တံတိုင်းသာဖြစ်သောကြောင့် ဖြိုချပေးရန် အစီအစဥ်မရှိပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆန္ဒပြတယ်ဆိုတာက အများပြည်သူမြင်အောင်၊ တွေ့အောင်၊ သိအောင်လို့ ပြည်သူ့နှလုံးသားကို သိအောင်လို့ တင်ဆက်ရတာ ဖြစ်ပါတယ်။ အဓိကကတော့ တာမွေကွင်းကလူတွေ သွားရလာရလွယ်တာတော့ လက်ခံပါတယ်။ ဒါပေမဲ့ တကူးတကသွားမှလာမှ ရောက်မယ့်နေရာပါ။ အများသူငါ ဥဒဟို ဘတ်စ်ကားပြေးတဲ့ လမ်းပေါ်မှာမရှိပါဘူး။ ကျွန်တော်တင်ပြလိုတာက ဆန္ဒပြတယ်ဆိုတဲ့ ကွင်းရဲ့ အဓိပ္ပာယ်ကိုက အများသူငါ သွားနေတဲ့ ဘတ်စ်ကားပြေးနေတဲ့ လမ်းပေါ်မှာ ရှိရမှာပါ။ ဒါကြောင့် အုတ်တံတိုင်းရှိတယ်ဆိုတာမျိုးကလည်း ဘယ်နိုင်ငံမှမရှိပါဘူးခင်ဗျား။ အခုလက်ရှိ အမေရိကန် အိုင်းစကွဲယား ရင်ပြင်မှာကြည့်လိုက်ရင်လည်း အားလုံးသိပါတယ်။ ဆန္ဒပြတယ်ဆိုတာ လေးဘက်လေးတန် ပတ်ပတ်လည်ဖြစ်ရမှာပါ။ ဟာလာဟင်းလင်းဖြစ်နေရမှာပါ။ အခု ကျိုက္ကဆံကွင်းထဲမှာ သူ့နေရာက အုတ်တံတိုင်းကိုဖောက်ပြီးလို့ရှိရင် အုတ်တံတိုင်းပတ်တယ်ဆိုတာ ဆန္ဒပြကွင်းလို့တောင် ခေါ်လို့မရတော့ပါဘူး။ ဒါဟာဆိုလို့ရှိရင် လက်ရှိ ဒီမိုကရေစီစနစ်နဲ့ ဘယ်လိုမှ မကိုက်ညီတဲ့ အနေအထားတစ်ခုကို တင်ပြရတာပါ။ အဲဒီတော့ ဒီနေရာမှာ ဒီနေရာကြီးကတော့ အနေအထားအရ မဖြစ်ပါဘူး။ ဗိုလ်စိန်မှန်ကွင်းကိုလည်း ကျွန်တော်တို့ အချိန်နေရာပေါ် မူတည်ပြီးတော့ ခွင့်ပြုမယ်ဆိုရင်လည်း ဒီလိုခွင့်ပြုပေးနိုင်ဖို့အတွက် ကျွန်တော် တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ ဘာဖြစ်လို့လဲဆိုရင် အများပြည်သူသွားလာပြီး၊ အလွယ်တကူနဲ့ ပြည်သူက သူတို့သွားလာရေး လမ်းကိုပိတ်ဆို့ပြီးပြရင်တော့ ပြည်သူကငြိုငြင်တာ မှန်ပါတယ်။ ဒါပေမဲ့ သီးခြားနေရာတစ်ခု ပြည်သူသွားလာတဲ့ လမ်းဘေးမှာပြတယ်ဆိုရင်တော့ ဘယ်ပြည်သူမှငြိုငြင်တာမရှိပါဘူး။ ဆန္ဒပြပွဲတွေရှိနေတယ်ဆိုရင်တော့ တို့နိုင်ငံက ဒီမိုကရေစီစနစ် ရှိပါသေးလားလို့ အမှတ်ရစေမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်မဒိန်ကျေးရွာတွင် ကျန်းမာရေးဌာနခွဲ ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဒါက ရန်ကုန်တိုင်းကိုယ်စားဖြေတဲ့အတွက် ထပ်မံဖြေကြားစရာတော့ မရှိပါဘူး။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့ယိန်းက ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်မဒိန်ကျေးရွာတွင် ကျန်းမာရေးဌာနခွဲချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးဌေ့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့ယိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်း ပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်မဒိန်အုပ်စု၊ ရှင်မဒိန်ကျေးရွာ၌ ကျန်းမာရေးဌာနခွဲ ချထားပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုမေးမြန်းမယ့် မေးခွန်း ဖြစ်ပေါ်ရခြင်းရဲ့ ကျိုးကြောင်းဖော်ပြချက် အနည်းငယ်ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပလက်ဝမြို့နယ်ဟာ ချင်းပြည်နယ်ရှိ မြို့နယ် (၉)မြို့နယ်မှာ နယ်မြေဧရိယာ အကျယ်ဝန်းဆုံးဖြစ်ပြီး ကျန်းမာရေးလွှမ်းခြုံမှု အင်မတန်လစ်ဟာလိုအပ်နေသေးပါကြောင်း ပြောလို ပါတယ်။ ကျေးရွာအုပ်စုတစ်အုပ်စုနဲ့ တစ်အုပ်စု လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဆိုင်ကယ်လမ်း မပေါက် တောလမ်းအတိုင်း သွားလာနေရခြင်းက ပကတိမြေပြင်အခြေအနေ ဖြစ်ပါတယ်။ မြို့နယ် ကျန်းမာရေးဦးစီးဌာနကလည်း ပလက်ဝမြို့နယ်တစ်ခုလုံးရဲ့ ကျန်းမာရေးစီမံချက်ရေးဆွဲပြီး ပြည်နယ် အစိုးရသို့လည်း တင်ပြပြီး ဖြစ်ပါ တယ်။ ကျေးရွာအုပ်စု(၂)စု သို့မဟုတ် ၎င်းထက်ပိုတဲ့ ကျေးရွာတွေကို ကျန်းမာရေးဌာနခွဲ တစ်ခုတည်းကနေ တာဝန်ယူပြီး ကြီးကြပ်ရတဲ့ ကျေးရွာအုပ်စုတွေ များစွာ ရှိနေသေးတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြမယ့် ပလက်ဝမြို့နယ် ရှင်မဒိန်အုပ်စုဆိုရင် ကျေးရွာပေါင်း(၇) ရွာ ဖွဲ့စည်းထားတဲ့အုပ်စုဖြစ်ပြီး အိမ်ခြေ(၂၁၇)အိမ်၊ လူဦးရေ(၁၁၅၀)ဦးရှိပါတယ်။ ဒလက်မေကျန်းမာရေး ဌာနနယ်မြေအတွင်းရှိပြီး ဒလက်မေကျန်းမာရေးဌာနနဲ့ (၁၀)မိုင်ခန့်ဝေးကွာပြီး ကုလားတန်မြစ်ကြောင်း နဲ့လည်း ရှင်မဒိန်ရွာဟာ (၇)မိုင်ခန့် ဝေးပါတယ်။ ကုန်းတွင်းပိတ်ကျေးရွာအုပ်စု ဖြစ်ပြီးတော့ အဓိက တောင်ယာ လုပ်ငန်းလုပ်ကိုင်ကြသူများဖြစ်ကြပါတယ်။ ကျန်းမာရေးဌာန ဒလက်မေနဲ့လည်းကောင်း၊ ကျန်းမာရေးဌာနခွဲ ငရှားရွာနဲ့လည်းကောင်း၊ ကျန်းမာရေးဌာနခွဲ တရွန်အိုင်နဲ့လည်းကောင်း၊ ကျန်းမာရေးဌာနခွဲ သာယာကုန်းရွာနဲ့လည်းကောင်း စတဲ့အုပ်စုများနဲ့အလှမ်းဝေးပြီး ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လစ်ဟာနေတဲ့ အုပ်စုဖြစ်နေတာလည်းတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်မဒိန် ကျေးရွာအုပ်စု ရှင်မဒိန်ကျေးရွာ၌ ကျန်းမာရေးဌာနခွဲ ချထားပေးနိုင်ရန်အစီအစဉ် ရှိ/မရှိ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်မဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော် ဦးဌေးယိန်း ရဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာ သိန်းသိန်းဌေး မှ ဖြေကြားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်မဒိန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ချထားပေးရန်အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာန(၉)ဌာန ဆမီး၊ ရှင်းလက်ဝ၊ ဒလက်မေ၊ ကနောင်၊ ကွမ်းချောင်းဝ၊ မုံးတုံးနုံး၊ သံတောင်၊ မီးဇာဒိုးချောင်းဝရှိပါတယ်။ ရှင်မဒိန်ကျေးရွာသည် ဒလက်မေကျေးလက်ကျန်းမာရေး ဌာနအောက်မှာရှိပြီး ဒလက်မေကျေးလက်ကျန်းမာရေးဌာနနှင့် (၁၅)မိုင် ကွာဝေးပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိပါက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသည့်အတိုင်း ကျေးရွာပေါင်း(၇)ရွာ အိမ်ခြေ(၂၁၇)အိမ်၊ လူဦးရေ(၁၁၅၀)ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှု ပေးနိုင်မည်ဖြစ်ပါသဖြင့် ရှင်မဒိန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းထားတဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၃။**

**ဦးအောင်ကြည်ညွန့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များ ကော်မတီဝင် အားလုံးကို

ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်ဆွေးနွေးမှာကတော့ ဒီတစ်လင်တစ်မယားစနစ် ကျင့်သုံးရေးနဲ့ပတ်သက်တဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ အကြံပြုပြီး တော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဆုံး ကျွန်တော် တင်ပြအကြံပြုဆွေးနွေးချင်တဲ့ အဓိကအချက် ကတော့ ဒီဥပဒေပြဋ္ဌာန်းထားတဲ့မူကြမ်းကို လေ့လာကြည့်လိုက်တဲ့အခါမှာ ဥပဒေရဲ့မူရင်းရှိတဲ့ ရည်ရွယ် ချက်နဲ့ အခုပြဋ္ဌာန်းလိုက်တဲ့ ပြဋ္ဌာန်းချက်ကြောင့် ပေါ်ပေါက်လာမယ့် အကျိုးသက်ရောက်မှုဟာ ဆန့်ကျင်နေတယ်၊ ပြောင်းပြန်ဖြစ်နေတယ်ဆိုတာကို သုံးသပ်တင်ပြချင်တာဖြစ်ပါတယ်။

ဒီဥပဒေရဲ့ ရည်ရွယ်ချက်မှာ ကျွန်တော်တို့ အခန်း ၂ ရဲ့ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)မှာ တစ်လင် တစ်မယားစနစ်ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများ တရားမဝင်မယားအဖြစ်ရောက်ရှိခြင်းမှ ကာကွယ်ရန် လို့ ရည်ရွယ်ရင်းမှာ ပြင်ဆင်ထားပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ဒီဥပဒေရဲ့ ပြဋ္ဌာန်းချက်ကို ကျွန်တော် တို့လိုက်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာ ဘာတွေသွားတွေ့လာရလဲဆိုတော့ အပိုဒ် ၆ မှာ ဤဥပဒေ အာဏာတည်ပြီးနောက် ယောကျ်ားနှင့် မိန်းမတို့သည် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာ ဘာသာရပ်အရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြုလုပ်ရာမှာ တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းသာလျှင် တရားဝင်အတည်ဖြစ်သည်လို့ ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ အဲဒီတော့ ဒီလိုဆိုရင် တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းကသာ အတည်ဖြစ်သည်ဆိုတဲ့ အတွက်ကြောင့် အကြောင်း ကြောင်းသော အကြောင်းကြောင်းများကြောင့် မယား (၂)ယောက်ရှိခြင်း သို့မဟုတ် ခင်ပွန်း (၂)ယောက်ရှိခြင်းဆိုတဲ့ လူ့သဘာဝဖြစ်စဥ်တွေမှာ အထူးသဖြင့် မိန်းကလေးတွေမှာ အဲဒီလိုများ ဖြစ်ခဲ့မယ်ဆိုရင် အဲဒီမိန်းကလေးများသည် ဘာဖြစ်သွားမလဲဆိုရင် တရားမဝင် ဇနီးများအဖြစ် ရောက်ရှိသွားတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် တကယ်တမ်းကျတော့ ဥပဒေရဲ့မူလရည်ရွယ်ချက်နှင့် ပြဋ္ဌာန်းလိုက်တာဟာ တကယ့်အကျိုးသက်ရောက်မှုနှင့် ဖြစ်စဥ်ဟာ ကိုက်ညီခြင်း ရှိ/မရှိ ဆိုတာကို အထူးသဖြင့် ကျွန်တော်တို့ လေ့လာသုံးသပ်သင့်တယ်လို့ အကြံပြုဆွေးနွေးလိုခြင်း ဖြစ်ပါတယ်။

အဲဒီအပြင် ဒီဥပဒေတစ်ခုလုံးကို ပြန်ကြည့်လိုက်တဲ့အခါမှာ၊ ပြစ်မှုပြစ်ဒဏ်တွေ ပြဋ္ဌာန်းလိုက် တဲ့အခါမှာ အဓိကကဘာလဲဆိုရင် ထိမ်းမြားခြင်းကိစ္စကိုပဲ ကန့်သတ်ပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုပြီးတော့ ပြစ်မှုပြစ်ဒဏ်တွေ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အပိုဒ် ၁၃ မှာ မည်သူမဆို ပုဒ်မ ၁၀ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၇)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ချမှတ်ရမည်။ အပိုဒ် ၁၇ မှာ မည်သူမဆို ဥပဒေတစ်ရပ်ရပ်အရ ကိုးကွယ်ရာဘာသာ အရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ၊ ထိမ်းမြားပြီးသော ယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးသည် အဆိုပါထိမ်းမြားမှု အတည်ဖြစ်နေစဥ် ယင်းထိမ်းမြားမှုကို ထိန်ချန်၍ အခြား ယောကျ်ားသို့မဟုတ် မိန်းမတစ်ဦးဦးကို ထပ်မံထိမ်းမြားပါက (၁၀)နှစ်မပိုသော ထောင်ဒဏ် ချမှတ်ရမည့် အပြင် ငွေဒဏ်ချမှတ်နိုင်တယ်လို့ ပြောတဲ့အတွက်ကြောင့် ဒီပြစ်မှုတစ်ခုရဲ့ ပြစ်ဒဏ်ကျရောက်တဲ့ သတ်မှတ်ခြင်းဟာ ဘာသွားတွေ့လဲဆိုတော့ ထိမ်းမြားခြင်းနှင့်သာ ဆိုင်နေတဲ့သဘော ဖြစ်ပါတယ်။ ထိမ်းမြားမှ ပြစ်မှု မြောက်ပါတယ်။ တကယ်လို့ မထိမ်းမြားဘဲနဲ့ ဒီအတိုင်း ပေါင်းသင်းနေမယ်ဆိုရင် ပြစ်မှု မမြောက်ဘူးလို့ အဓိပ္ပာယ်သက်ရောက်နေပါတယ်။ ဒါ အကြီးမားဆုံးသော ကွာဟချက် ဖြစ်ပါတယ်။

ဒီနေရာမှာ မူလတုန်းက ဥပဒေပြဋ္ဌာန်းချက်ရဲ့ အပိုဒ် ၉ မှာ ထိမ်းမြားခြင်းကို တားမြစ်ခြင်းဆိုတဲ့ အခန်း(၃)မှာ ဖော်ပြထားတဲ့အထဲမှာ မူလဥပဒေကြမ်းမှာကတော့ ယောကျ်ား သို့မဟုတ် မိန်းမသည် အဆိုပါ ထိမ်းမြားမှု တည်မြဲနေစဉ်ကာလအတွင်း အခြားသူ တစ်ဦးဦးနှင့် ထပ်မံ ထိမ်းမြားခြင်း သို့မဟုတ် တရားမဝင် နေထိုင်ပေါင်းသင်းခြင်း မပြုရလို့ မူလဥပဒေကြမ်းမှာ ပါပါတယ်။ ပြည်သူ့ဥပဒေကြမ်းက အတည်ပြုလိုက်တဲ့အချိန်နှင့် အမျိုးသားလွှတ်တော်က အတည်ပြုလိုက်တဲ့ အချိန်မှာ အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်းမပြုရဆိုတာကိုပဲ ကန့်သတ်လိုက်ပြီးတဲ့အတွက်၊ အတည်ပြုလိုက်ပြီးတော့ တရားမဝင် နေထိုင်ပေါင်းသင်းခြင်းမပြုရဆိုတာကို ဖြုတ်ပယ်လိုက်ပါတယ်။

အဲဒီတော့ ဥပဒေအရ အဓိပ္ပာယ်ဆိုရင် တရားမဝင်ဖြစ်ရင် နောက်ထပ် အိမ်ထောင်ပြုတဲ့ အခါမှာ နောက်ထပ်ထိမ်းမြားခြင်းမလုပ်ရဘူး။ ထိမ်းမြားခြင်းအခမ်းအနား မလုပ်ရဘူး။ ထိမ်းမြား လိုက်တာနှင့် ဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်တယ်။ တကယ်လို့ မထိမ်းမြားဘဲနဲ့ အတူပေါင်းသင်း နေထိုင်မယ်ဆိုရင် နေချင်ရင်နေလို့ရတယ်လို့ ဥပဒေက ခွင့်ပြုပေးလိုက်တဲ့ သဘောမျိုး သက်ရောက် နေတာ သွားတွေ့ရပါတယ်။ ဒါ ဥပဒေရဲ့ အနှစ်သာရအားဖြင့် ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။

နောက် ဒုတိယက ဘာလဲဆိုတော့ ဥပဒေရဲ့ ပြစ်မှုပြစ်ဒဏ်တွေ ပြဋ္ဌာန်းလိုက်တဲ့အခါမှာ အရေးကြီးဆုံး ထောင်ဒဏ် (၇)နှစ်တို့၊ (၁၀)နှစ်တို့ ပြင်းပြင်းထန်ထန် ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ အဲဒီတော့ ဘာကို Concept ကို ပြောချင်လဲဆိုတော့ ပြစ်မှုပြစ်ဒဏ် ကြီးကြီးမားမား ပြဋ္ဌာန်းလိုက်ရုံနဲ့ ဒီကိစ္စဟာ အောင်မြင်သွားမှာလား လို့ အများကြီး စဉ်းစားဖို့ ရှိပါတယ်။ လက်ရှိအခြေအနေမှာ ထောင်ဒဏ် (၇)နှစ်အထိ ဖြစ်စေ၊ (၁၀)နှစ်အထိဖြစ်စေ ဆိုတဲ့အခါကျတော့ ထောင်ဒဏ်ချမှတ်ရမည့် သူရဲ့ အတိုင်းအဆက တရားရုံးများရဲ့ တရားသူကြီးများရဲ့ ဆင်ခြင်တုံတရားပေါ်မှာပဲ လုံးလုံးလွှဲပြောင်း ပေးလိုက်တာ ဖြစ်ပါတယ်။ အဲဒီတော့ အကြောင်းအမျိုးမျိုး၊ အသွင်အမျိုးမျိုး၊ အခြေအနေ အရပ်ရပ်အရ တရားသူကြီးများရဲ့ ဒီအဆုံးအဖြတ်ပေါ်မှာ အင်မတန်ကြီးလေးတဲ့ ပြစ်ဒဏ်တွေကို တင်ပေးလိုက်တဲ့ အခါမှာ ရိုးရိုးသားသားနှင့် ပွင့်ပွင့်လင်းလင်းပြောရရင် ဈေးခေါ်ကောင်းအောင် လုပ်ပေးလိုက်တဲ့ အနေအထားမျိုးတွေကိုလည်းပဲ ဖြစ်မြောက်သွားမလားဆိုတာတွေကို ကျွန်တော်တို့ စဉ်းစားပေးဖို့ လိုအပ်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါက အရေးကြီးတဲ့ ဥပဒေပြဋ္ဌာန်းခြင်းပင် ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဘာလဲဆိုတော့ ဒီရှိနေတဲ့ အခြေအနေဟာ အခု ဒီဥပဒေပြဋ္ဌာန်း ထားတဲ့အခါမှာ မြန်မာဓလေ့ထုံးတမ်းဥပဒေ အပါအဝင် အခြားအခြား ဘာသာ ဓလေ့ထုံးတမ်းဥပဒေ ကိုလည်းပဲ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားရမယ်။ ဥပဒေကိုလည်း စဉ်းစားရမယ်လို့ ဒီဥပဒေမှာကို ဖော်ပြထားပြီး ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုဆိုရင် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းထားတဲ့အခါမှာ နှစ်ပေါင်းမြောက်များစွာ ရာနှင့်ထောင်နှင့် ချီပြီးတော့လာတဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံ Customary တွေနဲ့ Customary Law တွေအရ ထိန်းသိမ်းထားခဲ့တာတွေ ရှိပါတယ်။ အဲဒီတော့ တကယ်တော့ Customary Law ဆိုတဲ့ ဓလေ့ထုံးတမ်း ဥပဒေများဟာ လူ့အဖွဲ့အစည်းကို ထိန်းကျောင်းတဲ့အခါမှာ အင်မတန်မှ သိမ်သိမ်မွေ့မွေ့နဲ့ နှစ်ရှည်လများ အစဉ်အလာနှင့် ထိန်းကျောင်းလာခဲ့တဲ့ အစဉ်အလာ ဖြစ်ပါတယ်။ အဲဒီလို အစဉ်အလာတစ်ခုကို Statute Law လို့ခေါ်တဲ့ ပြင်းထန်တဲ့၊ ကန့်သတ်တဲ့၊ ဖိအား ပါတဲ့၊ ဩဇာအာဏာပြင်းထန်တဲ့ လွှမ်းမိုးမည့် Statute Law တစ်ခုနဲ့ ချက်ချင်း Destop ရပ်ပြီးတော့ အပြောင်းအလဲ လုပ်လိုက်မယ်ဆိုရင် အဲဒီလို လုပ်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာမယ့်

အကောင်းအဆိုးတွေကို ဥပဒေပြုမဏ္ဍိုင်အနေနဲ့ အတော်လေး လေးလေးနက်နက် ထားပြီးတော့မှ စဥ်းစားသင့်တယ်လို့ ဒါ ကျွန်တော် ဒုတိယအကြံပြုခြင်း ဖြစ်ပါတယ်။

နောက် တတိယ ဆွေးနွေးအကြံပြုချင်တဲ့အချက်ကတော့ နီးစပ်တဲ့ အိမ်နားနီးချင်းနိုင်ငံတွေမှာလည်း အချို့နိုင်ငံတွေမှာဆိုရင်လည်း Ban Monogamy Law ရှိပါတယ်။ ဥပမာ စင်ကာပူလိုမျိုးမှာ ရှိပါတယ်။ ဒီဥပဒေတွေကို လေ့လာကြည့်တဲ့အခါမှာ စင်ကာပူနိုင်ငံမှာ အဲဒီလို ဥပဒေကို ပြဋ္ဌာန်းထားသော်လည်းပဲ ဘာကိုတော့ ခြွင်းချက်နဲ့ ကင်းလွတ်ခွင့်ပြုထားသလဲ။ ဘာသာရေးအရ ဆောင်ရွက်မှုကို ကင်းလွတ်ခွင့်ပြုထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေအထားနဲ့ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄ မှာ ဘာသာအရ လွတ်လပ်စွာ ယုံကြည်ခွင့်နှင့် ကိုးကွယ်ခွင့်တွေ ပေးထားတာနဲ့ တစ်ပြိုင်နက်တည်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၂ မှာ နိုင်ငံတော်ဟာ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်တဲ့ဘာသာတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်တဲ့နေ့မှာ နိုင်ငံတော်အတွင်းရှိကြတဲ့ ကိုးကွယ်ရာဘာသာများလို့ အသိအမှတ်ပြုတယ်လို့ ဆိုပြီး အသိအမှတ်ပြုထားပါတယ်။

ဒါကြောင့်မို့လို့ ဘာသာတရားတွေထဲမှာ ဖော်ပြထားတဲ့ ပါဝင်ထားတဲ့ သူ့ရဲ့ ပြဋ္ဌာန်းချက်တွေ၊ ပညတ်ချက်တွေကိုလည်းပဲ နိုင်ငံတော်က အသိအမှတ်ပြုတယ်လို့ သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် နောက်ထပ်ပြဋ္ဌာန်းလိုက်တဲ့ဥပဒေက အဲဒီရှိတဲ့ အစဥ်အလာတွေနဲ့ ဘယ်လိုအခြေအနေမျိုးမှာ ရှိသလဲ။ ဘယ်လောက်အထိ လိုက်လျောညီထွေ ဖြစ်နိုင်မလဲဆိုတဲ့ကိစ္စရပ်တွေကိုလည်း အလေးအနက်ထားပြီးတော့ စဥ်းစားဆောင်ရွက်ပြီးတော့ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းသင့်တယ်လို့ ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ မြန်မာနိုင်ငံ၊ ကျွန်တော်တို့နိုင်ငံ အနေအထားနှင့်ဆိုရင် တိုင်းရင်းသားလူမျိုးတွေ စင်ကာပူနှင့် မတူပါဘူး။ တိုင်းရင်းသားလူမျိုးတွေ အများကြီး ရှိပါတယ်။ တိုင်းရင်းသားလူမျိုးစု အသီးသီးမှာလည်းပဲ ကိုယ်ပိုင်ယဥ်ကျေးမှု၊ ဓလေ့ထုံးတမ်းတွေ အများကြီး ရှိနေတာကို တွေ့ရပါတယ်။ အဲဒီလို အများကြီးရှိနေတဲ့ မူလ တိုင်းရင်းသားလူမျိုးစုတွေဟာ ဓလေ့ ထုံးတမ်းတွေနဲ့ရော အခုပြဋ္ဌာန်းလိုက်တဲ့ဥပဒေဟာ ဘယ်လောက်အထိ အဟန့်အတား သွားဖြစ်နိုင်သလဲ၊ ဒါတွေနဲ့ ပတ်သက်လို့ ဘယ်လောက်အထိ Conflict တွေ သွားဖြစ်နိုင်သလဲဆိုတာကိုလည်းပဲ ကျွန်တော် အလေးအနက်ထားပြီးတော့ စဥ်းစားသင့်တယ်လို့ သုံးသပ်တင်ပြလိုခြင်း ဖြစ်ပါတယ်။ အချိန်ကို လေးစားတဲ့အနေနဲ့ ကျွန်တော်အကျဥ်းလောက်ပဲ ကျွန်တော်တင်ပြနေခြင်း ဖြစ်ပါတယ်။ နောင် ဥပဒေကြမ်းအဖွဲ့နဲ့ဆို ဒီထက်ပိုပြီး တင်ပြနိုင်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။

နောက်တစ်ခုကတော့ အဓိကအချက်က နဂိုကတည်းက ရှိပြီးသား Customary Law တွေမှာ မြန်မာဗုဒ္ဓဘာသာ မိန်းမများ အမွေဆက်ခံခြင်း ဒီဥပဒေတွေရှိတယ်။ နောက်ပြီးတော့ ရာဇသတ်ကြီးဥပဒေတွေမှာလည်း ရှိတယ်။ ဒီလိုပြဋ္ဌာန်းထားပြီးသား ဥပဒေ သူ့ဟာနှင့်သူတော့ ရှေ့နောက် ညီညွတ်မှုရှိတယ်။ ဒီဥပဒေမှာက ပြီးစလွယ် လွယ်လွယ်ကူကူပဲ။ ဒီလောက်လောက်ဆိုရင် ရလောက်တယ်ဆိုပြီးတော့ ဥပဒေ နှစ်ခုလောက်ကို ပြစ်ဒဏ်တွေအခန်းထဲ ပြပြီးထည့်လိုက်တဲ့အခါမှာ အရင်ရှိပြီးသား ဥပဒေတွေကိုသွားပြီးတော့ Conflict ဖြစ်နေတာကို သွားတွေ့ရပါတယ်။ မူလ ရာဇသတ်ကြီး ဥပဒေမှာဆိုရင် အတော်လေး ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းပြီးသား ရှိပါတယ်။ မူလရာဇသတ်ကြီး

ဥပဒေ အခန်း ၂၀ မှာ ပုဒ်မ ၄၉၃ ကနေ ၄၉၈ အထိ အိမ်ထောင်ရေးဆိုင်ရာ ပြစ်မှုများ၊ ထိမ်းမြားခြင်းဆိုင်ရာပြစ်ဒဏ်များလို့ ပြဋ္ဌာန်းသတ်မှတ်ထားတာ ရှိပါတယ်။ အဲဒီအထဲမှာ အရင်က ထိမ်းမြားထားပြီးတဲ့နောက် နောက်ထပ်ထိမ်းမြားမှု အတည်မဖြစ်ဘူးဆိုရင် အတည်မဖြစ်ပါဘဲနဲ့ ထိမ်းမြားလျှင် ပြစ်ဒဏ်ဘယ်လိုရှိတယ်။ အဲဒီလို ထိမ်းမြားမှုမှာ အရင်က ထိမ်းမြားခဲ့ဖူးတာကို ထိမ်ချန်ထားပြီးတော့ ထိမ်းမြားမယ်ဆိုရင် ပြစ်ဒဏ် ဘယ်လိုရှိတယ်၊ အဲဒီလို အရေးမျိုးတွေက ရဲ အရေးပိုင်ခြင်း၊ မပိုင်ခြင်း၊ အာမခံ ပေးခွင့်ရှိခြင်း၊ မရှိခြင်း၊ ကျေအေးခွင့် ပြုခြင်း၊ မပြုခြင်းဆိုတဲ့ ကိစ္စရပ်တွေ အသေးစိတ်ကို ပုဒ်မ ၄၉၃ ကနေ ၄၉၈ အထိ ပြဋ္ဌာန်းထားပြီးသား ရာဇသတ်ကြီးမှာလည်း ရှိပါတယ်။ အဲဒီတော့ ဒါတွေနဲ့လည်း ကျွန်တော်တို့ ချိတ်ဆက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်သွားရမယ့် အနေအထားမျိုး ရှိသင့်တယ်လို့ ထင်ပါတယ်။

နောက်တစ်ခုက ဒီဥပဒေမှာ အိမ်ထောင်ဖက် တစ်ဦးထက်ပိုပြီးတော့ ယူတဲ့အတွက်ကြောင့် ဖြစ်ပွားနိုင်တဲ့ အိမ်ထောင်ရေးပြဿနာနှင့် အိမ်ထောင်ရေးမှုခင်းများကို တားဆီးရန် ရည်ရွယ်တယ်ဆိုတာ စကားလုံးအားဖြင့် ရည်ရွယ်တာ ကောင်းပါတယ်။ ဒါလည်း စဥ်းစားဖို့သင့်ပါတယ်။ ဘာလို့လဲဆိုတော့ အိမ်ထောင်ရေးပြစ်မှုဆိုတာ ဘာကြောင့် ဖြစ်သလဲ၊ အိမ်ထောင်ပြုလို့ ဖြစ်တယ်။ ဒါကြောင့်ဆိုရင် အိမ်ထောင်ပြုလို့ဖြစ်တဲ့ အိမ်ထောင်ရေးပြစ်မှုတွေ မဖြစ်အောင် အိမ်ထောင်မပြုနဲ့လို့ ကန့်သတ်ဖို့ ရာကတော့ အင်မတန် ယုတ္တိတန်တဲ့ကိစ္စ မဟုတ်ဘူးလို့ ထင်ပါတယ်။

တစ်ချိန်တုန်းက ကျွန်တော်တွေ့ဖူးပါတယ်။ နိုင်ငံတော်ရဲ့ အစိုးရရဲ့ စက်ရုံတစ်ရုံမှာ ရေကူးကန်လုပ်ထားတယ်။ အပြင်လူက လာပြီးရေကူးသွားတော့ အပြင်လူလာကူးတဲ့ ရေကူးတဲ့ လူတစ်ယောက်က ရေနစ်ပြီး ဆုံးသွားတယ်။ အပေါ်က တာဝန်ရှိတဲ့သူက စက်ရုံမှူးကို လှမ်းပြီးတော့ ညွှန်ကြားတယ်။ အဲဒါနဲ့ ပတ်သက်လို့ နောင်ကို ဒီလိုမဖြစ်ပွားအောင် စီစဥ်ဆောင်ရွက်ပါလို့ ညွှန်ကြား လိုက်တော့ နေ့ချင်းပြီး စီစဥ်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ အဲဒီလူ ရေကူးတဲ့အခါမှာ အသက်ကယ် ဘောကွင်းတွေ၊ ဘာတွေ ထားတာ ဒါ မစီစဥ်တော့ဘဲ ဆိုင်းဘုတ်ချိတ်လိုက်တယ်။ အဲဒါက ဘာလဲဆိုတော့ အပြင်လူ ရေမကူးရလို့ ချိတ်လိုက်ပါတယ်။ အပြင်လူ ရေမကူးရင် အပြင်လူ မသေဘူး ဆိုတဲ့ အဓိပ္ပာယ်မျိုး သက်ရောက်နေပါတယ်။

အခုလည်းပဲ ဒီလိုပဲ။ ဒီလိုဆိုရင် နောက်အိမ်ထောင်များ ပြုတဲ့အတွက်ကြောင့်မို့လို့ ဒီလိုပြဿနာမျိုးတွေပေါ်တယ်။ ဒါကြောင့်မို့လို့ အိမ်ထောင်အများ မပြုနဲ့လို့ ကန့်သတ်လိုက်ခြင်းထက် အဲဒီလို ပေါ်ပေါက်လာတဲ့အခြေအနေများ ရှိခဲ့မယ်ဆိုရင် အဲဒီလို ပေါ်ပေါက်ခြင်းရဲ့ ဘောင်ထဲကို ရောက်ရှိသွားနိုင်တဲ့ မည်သည့်ဘာသာကိုမဆို ကိုးကွယ်တဲ့ အမျိုးသမီးများဟာ ဘယ်လိုအကာအကွယ်တွေ ရသင့်သလဲ။ ဥပဒေအရ ဘယ်လိုကာကွယ်စောင့်ရှောက်ရသလဲဆိုတာကို လွှမ်းခြုံနိုင်တဲ့ ဥပဒေမျိုး ပိုပြီးတော့ ဖြစ်သင့်တယ်လို့ ကျွန်တော်တို့ အကြံပြု တင်ပြခြင်းဖြစ်ပါတယ်။

အခု ကျွန်တော် တင်ပြနေတာ ဒီဥပဒေကို ၊ ဘာပြုလို့လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၀ (ခ)မှာလည်းပဲ ဘာသာရေးအရ လွတ်လပ်ခွင့် ပေးထားသော်လည်းပဲ နိုင်ငံတော်အတွက် လိုအပ်တယ်ဆိုလို့ရှိရင် ဥပဒေပြဋ္ဌာန်းခွင့်ကို မပိတ်ပင်ဘူးလို့ ခွင့်ပြုထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဥပဒေပြုခွင့်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီနေ့တင်ပြနေတာက ဒီဥပဒေကို မပြုရဘူးဆိုပြီး ကန့်ကွက်ပြီးတော့ တင်ပြနေတာမဟုတ်ပါဘူး။ ဒီလို ဥပဒေကိုပြုတဲ့နေရာမှာ တကယ်ပဲ မူလရည်ရွယ်ချက်အတိုင်း အမျိုးသမီးတွေဟာ တရားမဝင် ဇနီးမယားများ အဖြစ်ကို တွန်းပို့ပေးရာ

ရောက်သွားစေနိုင်မယ့် အခြေအနေမျိုးကို မဖြစ်စေဘဲနဲ့ ပိုပြီးတော့ ပြည့်ပြည့်စုံစုံနှင့် ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းတဲ့ဥပဒေတစ်ခု ဖြစ်စေချင်တယ်။ အရည်အသွေးနှင့် ပြည့်စုံတဲ့ ဥပဒေတစ်ခုကို ဥပဒေပြု မဏ္ဍိုင်ကြီးက အလေးအနက်ထားပြီးတော့ တည်ဆောက်ပေးတယ်ဆိုတာမျိုးကို ကျွန်တော်တို့ ဖြစ်စေချင်တဲ့ အတွက် အခုလို အကြံပြု ဆွေးနွေးတင်ပြနေခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဥပဒေတစ်ရပ်ဟာ ကျေနပ်ရင်ပြီးရောဆိုတဲ့ အနေအထား မျိုးလောက်နဲ့ ပြဋ္ဌာန်းပေးခြင်းထက် တကယ်တမ်း အသက်ဝင်ပြီးတော့ အသုံးချနိုင်တဲ့ ဥပဒေတစ်ခု ဖြစ်ဖို့လိုပါတယ်။ ဥပဒေမှာ အဆိုတစ်ခု ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ valueless innuenal လို့ ခေါ်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဥပဒေတစ်ခုက အများက လိုက်နာကျင့်သုံးနိုင်ခြင်း မရှိမယ့် ဥပဒေဟာ စတင်ပြဋ္ဌာန်းစဉ်ကတည်းကိုက ပျက်ပြယ်ပြီဖြစ်တယ်လို့ ဥပဒေမှာ အဆိုရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဥပဒေပြုမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ကြီးကို တင်ပြချင်တာက ဒီဥပဒေနဲ့ပတ်သက်လို့ (၁)မူလက ပြဋ္ဌာန်းထားတဲ့ ရည်ရွယ်ချက်နှင့် ဆန့်ကျင်တဲ့ အကျိုးသက်ရောက်မှု ဖြစ်နေတယ်။ (၂) တည်ဆဲ ရှေ့နောက်က ဥပဒေတွေနဲ့စာရင် ဒီဥပဒေမှာ လုံလောက်တဲ့အနေအထားမျိုး မရှိသေးတာကို တွေ့ရတယ်။ (၃) အချက်က ရှေ့က တည်ပြီးသား ဓလေ့ထုံးတမ်းဥပဒေများ၊ ရှိပြီးသား ရာဇသတ်ကြီး ဥပဒေများနှင့် အခု ဒီမှာ ပြဋ္ဌာန်းလိုက်တဲ့ဟာ ရှေ့နောက် Conflict ဖြစ်သွားနိုင်တဲ့ အနေအထားမျိုးကို အကောင်းဆုံးချိန်ညှိ ညှိနှိုင်းပြီးတော့မှ ပြဋ္ဌာန်းသင့်ပါတယ်လို့ အကြံပြုတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မော်တော်ယာဉ် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မော်တော်ယာဉ် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မော်တော်ယာဉ် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဗိုလ်မှူးချုပ် ကျော်ဦးလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဒုတိယဝန်ကြီးအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ မော်တော်ယာဉ်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီကိုယ်စား ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

မော်တော်ယာဉ် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၅ -၄၆၉
ရက် စွဲ၊ ၂ ၀ ၁ ၅ ခုနှစ်၊ ဇူ လိုင် လ ၂၄ ရ က်

၁။ ပြည်သူ့လွှတ်တော်က မော်တော်ယာဉ်ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ပါရန် ၁၃-၇-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၁-၇-၂၀၁၅ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မော်တော်ယာဉ်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၂၊ အပိုဒ်ခွဲ(ဖ) နှင့် အပိုဒ်ခွဲ (ဗ) ကို အပိုဒ်ခွဲ (က) နှင့် အပိုဒ်ခွဲ (ခ) အဖြစ်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)ကို အပိုဒ်ခွဲ(င)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်ဆိုသည့် စကားရပ်ကို ယာဉ်မောင်းလိုင်စင် နှင့် ယာဉ်အကူလက်မှတ်ထုတ်ပေးရန်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (စ)ကို အပိုဒ်ခွဲ(ဇ) အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော အထောက်အထားကိုဆိုသည် ဟူသော စကားရပ်ကို အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည် ဟူသော စကားရပ်ဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်းအပိုဒ်ခွဲ(ဇ)ကို အပိုဒ် ၂၊ အပိုဒ်ခွဲ(ည) အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား မော်တော်ယာဉ်ပိုင်ရှင် ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင် မှတ်တမ်းတွင် မှတ်ပုံတင်ထားသူ သို့မဟုတ် မော်တော်ယာဉ်လက်ရှိဖြစ်သူသည် အရွယ်မရောက်သေးသူဖြစ်လျှင် အဆိုပါ အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူ သို့မဟုတ် သဘောတူစာချုပ်အရ အဆိုပါ မော်တော်ယာဉ်ကို

လက်ရှိဖြစ်သူတို့ကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဏ)ကို အပိုဒ်ခွဲ(ထ) အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယာဉ် စစ်ဆေးချက် သက်သေခံလက်မှတ် ဆိုသည်မှာ ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ်ကို စစ်ဆေး၍ မော်တော်ယာဉ် ကြံ့ခိုင်မှုရှိကြောင်း ထုတ်ပေးသော အထောက်အထား သက်သေခံလက်မှတ်ကိုဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(တ)ကို အပိုဒ်ခွဲ(ဒ) အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား မော်တော်ယာဉ် နံပါတ်ပြား ဆိုသည်မှာ မော်တော်ယာဉ်၏ မှတ်ပုံတင်အမှတ်ကိုဖော်ပြလျက် မော်တော်ယာဉ်၏ အရှေ့နှင့် အနောက်တွင် တပ်ဆင်အသုံးပြုရန် ဦးစီးဌာနက ထုတ်ပေးထားသော နံပါတ်ပြားကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိပါသည်။

(ခ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ဒ)ကို အပိုဒ်ခွဲ (န) အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသောစကားရပ်များအစား လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများဆိုသည်မှာ မော်တော်ယာဉ်မောင်းသူများ အပါအဝင် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် အချက်ပြအညွှန်း၊ အမှတ်အသားနှင့် အချက်ပြကိရိယာများကိုဆိုသည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဓ)ကို အပိုဒ်ခွဲ(ပ) အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော အထောက်အထားတစ်ခုခု ဆိုသည့် စကားရပ်ကို စာတမ်းအမှတ်အသားဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(န)ကို အပိုဒ်ခွဲ(ဖ) အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော အထောက်အထားတစ်ခုခု ဆိုသည့်စကားရပ်ကို စာတမ်းအမှတ်အသား ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း အခန်း(၆)အခန်းခေါင်းစဉ်ကို မော်တော်ယာဉ်တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၈၊ အပိုဒ်ခွဲ(ဂ)တွင်ပါရှိသော သီးသန့်ဖွဲ့စည်း၍ အင်အားဖြည့်တင်းခန့်ထားပေးခြင်း ဆောင်ရွက်ရမည်ဆိုသည့် စကားရပ်အစား ထည့်သွင်းဖွဲ့စည်းနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၉၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)တို့တွင် ပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆိုသည့်စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၄၁ နှင့် အပိုဒ် ၄၂ တို့တွင်ပါရှိသော စီမံခန့်ခွဲမှုဆိုင်ရာ ဒဏ်ကြေးငွေ ဆိုသည့်စကားရပ်ကို ဒဏ်ကြေးငွေဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၆ တွင်ဖော်ပြထားသောစကားရပ်များအစား မည်သူမျှ မော်တော်ယာဉ်ကို သူတစ်ပါးထိခိုက်မှု အာမခံမထားရှိဘဲ အများပြည်သူဆိုင်ရာနေရာတွင် အသုံးမပြုရ

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မော်တော်ယာဉ်ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၀-၈-၂၀၁၅ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၂၀၁၂ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးခင်မောင်ရီ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအမှူးထား၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ကျွန်တော့်အနေနဲ့ ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော်က ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ပါရန် ၁၅-၇-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ၂၂-၇-၂၀၁၅ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် လက်ရှိဖွဲ့စည်းပုံ အခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေများနှင့် ညီညွတ်မှုရှိစေရန်အတွက်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ပိုမိုကျယ်ပြန့်စေရန်အတွက်လည်းကောင်းရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၄ တွင်ပါရှိသော ပုဒ်မ ၂၊ ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(ည) လွှတ်တော်ရုံးဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဦးဆောင်သည့် ပြည်သူ့လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရုံးကို ဆိုသည်။

၄။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၅ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၅။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဠ)ကို ပယ်ဖျက်ရမည်။

၅။ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၆ ကို အပိုဒ် ၇ အဖြစ် ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)ကို အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၇။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၂) တွင်ပါရှိသော တရားရုံးတစ်ခုခုက ဆိုသည့်စကားရပ်ကို တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုပြုသည့် အဖွဲ့အစည်းတစ်ခုခုက ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အပိုဒ်တစ်ပိုဒ် အသစ်ဖြည့်စွက်ခဲ့သဖြင့် ပြောင်းလဲသွားသည့် အပိုဒ်များကိုလည်း ပြန်လည်အမှတ်စဥ်ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## ကော်မတီ၏သဘောထားမှတ်ချက်

၇။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၀-၈-၂၀၁၅ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ကျွန်မ ဒေါက်တာသိန်းသိန်းဌေး မှ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ တင်သွင်းထားသော ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်ရှင်။

ကျန်းမာရေးဝန်ကြီးဌာနက ကျင့်သုံးဆောင်ရွက်လျက်ရှိသော တည်ဆဲဥပဒေများအနက် ၁၉-၂-၂၀၀၄ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၄ ဖြင့် ပြဋ္ဌာန်းခဲ့သည့် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေအား ခေတ်နှင့် လိုက်လျောညီထွေမှုရှိစေရန် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အတည်ပြုပေးနိုင်ပါရန် ၂၅-၆-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၁၃/၂၀၁၅ သို့ တင်ပြခဲ့ရာ သဘောတူခွင့်ပြုပြီးဖြစ်ပါတယ်။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ခြင်း လိုအပ်သည်များ ဆက်လက်

ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၅-၆-၂၀၁၅ ရက်စွဲပါ စာဖြင့် ပြည်ထောင်စု လွှတ်တော်ရုံးသို့ ပေးပို့ခဲ့ပါတယ်။

အဆိုပါ ဥပဒေမူကြမ်းနဲ့ စပ်လျဉ်း၍ ၂၀-၇-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ သက်ဆိုင်ရာ ပညာရှင်များ လာရောက်ရှင်းလင်း ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း ဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ ခေတ်နှင့်လိုက်လျော ညီထွေမဖြစ်သည့်အတွက် ခေတ်နှင့်အညီဖြစ်စေရန် အများပြည်သူပိုမို ရှင်းလင်းစွာ နားလည်ပြီး သိရှိ လိုက်နာနိုင်စေရန် ကိုယ်အင်္ဂါ အစိတ်အပိုင်း အစားထိုးကုသခြင်းကို ဥပဒေနဲ့အညီ စနစ်တကျ ပိုမို ကျယ်ပြန့်စွာ ပြုလုပ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ဥပဒေအား ပြင်ဆင်ရေးဆွဲတင်ပြရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဤဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် တွင် ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ ကျွန်တော် ဦးသော်ဇင်ဦး က ထောက်ခံပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကိုလက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော် က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာမြတ်ဉာဏစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ ယနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ကျန်းမာရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးတို့ကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ် တင်ပြခြင်း အစီရင်ခံစာကို ကော်မတီရဲ့ကိုယ်စား ကော်မတီအတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်က ပေးပို့လာတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်တွေ၊ နောက်တစ်ခါ ကျန်းမာရေးဝန်ကြီးဌာနက ပညာရှင်တွေနဲ့ ဇူလိုင်လ(၂၁)ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ အဲဒီဆွေးနွေးညှိနှိုင်းခဲ့တဲ့ အပေါ်ကလေ့လာတွေ့ရှိ ချက်တွေကို တင်ပြပါမယ်။

လေ့လာတွေ့ရှိချက်

(က) အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ ပိုမိုပေါ်လွင်မှုရှိစေဖို့အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ) မှာ သေဆုံးသူဆိုသည်မှာ အကြောင်းတစ်ခုခုကြောင့် လူ၏ဦးနှောက်လုပ်ငန်းများအားလုံး လုံးဝရပ်စဲသွား၍ သော်လည်းကောင်း၊ သွေးလည်ပတ်မှု လုပ်ငန်းများအားလုံး လုံးဝ ရပ်စဲသွား၍ သော်လည်းကောင်း၊ သက်ဆိုင်ရာ ဆရာဝန်များက သေဆုံးကြောင်း အတည်ပြုခြင်းခံရသူကိုဆိုသည် ဆိုသည့်စကားရပ်နဲ့ အစားထိုးပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ်ခွဲ(ဂ)ခြေဆင်းကိုတော့ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ ဆိုရာတွင် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ဆန္ဒအလျောက် အခမဲ့ခွင့်ပြုလှူဒါန်း သည့် အောက်ပါပုဂ္ဂိုလ်တို့ပါဝင်သည် ဆိုသည့်စကားရပ်နဲ့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အဲဒီ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ခွဲငယ် (၃) မှာတော့ ပုဒ်မခွဲငယ်(၂) အရ ကြိုတင်ဆန္ဒ ပြုထားခြင်းမရှိသည့် သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူ၍ လိုအပ်သလိုအသုံးပြုရန်ခွင့်ပြုသည့် ကျန်ရစ်သူဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကိုမောင်နှမများ၊ ယင်းတို့တစ်ဦးတစ်ယောက် မှမရှိ၍ ယင်းတို့၏ ကိုယ်စားခွင့်ပြုသော ဆွေမျိုးသားချင်းတစ်ဦးဦးဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်ဖို့ တင်ပြ

လိုပါတယ်။ အပိုဒ်ခွဲ(ဆ)မှာတော့ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းသူ၏ ဆိုသည့် စကားရပ်ကို ပြင်ဆင်ဖို့ တင်ပြလိုပါတယ်။ အပိုဒ် ၃၊ အပိုဒ်ခွဲ (ဃ)မှာတော့ ပြည်သူလူထုအတွင်း ကိုယ်အင်္ဂါအစိတ် အပိုင်းလှူဒါန်းသူများဆိုသည့် စကားရပ်နဲ့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

(ခ) ရေးထုံးမှန်ကန်မှုရှိစေဖို့အတွက်ကတော့ အပိုဒ် ၄ ခေါင်းစဉ်ရဲ့ အပိုဒ် ၄ ရဲ့ အပိုဒ်ခွဲ (က) တို့ကို

၄။(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး - ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ - အဖွဲ့ဝင်
အကြီးအမှူးနှင့် ကိုယ်စားလှယ် (၅) ဦး

(၃) သင့်လျော်သောကျွမ်းကျင်သူပညာရှင်(၁၇)ဦး - အဖွဲ့ဝင်

(၄) ဥက္ကဋ္ဌကတာဝန်ပေးအပ်သူ -အတွင်းရေးမှူး
လို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

(ဂ) ဥပဒေကြမ်းရဲ့ အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ) မှာတော့ လိုက်နာဆောင်ရွက်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း ဆိုတဲ့စကားရပ်ကို ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ်ခွဲ(ဆ)မှာတော့ စည်းမျဉ်းစည်းကမ်းများသတ်မှတ်ခြင်းလို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ်ခွဲ(ဈ)မှာဖော်ပြထားတဲ့ စကားရပ်တွေအစားတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်မှုရှိစေရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေနှင့် ဆိုသည့် စကားရပ်နဲ့ ပြင်ဆင်ဖို့ တင်ပြလိုပါတယ်။ အပိုဒ် ၉ ကိုတော့ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူသည် ထုတ်ပေးသော အသိအမှတ်ပြုလွှာကို ပြန်လည်အပ်နှံပြီး ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း မှတ်ပုံတင်စာရင်းမှပယ်ဖျက်ပေးရန် သက်ဆိုင်ရာလက်ခံရေးဌာနသို့ အကြောင်းကြားခွင့်ရှိသည်။ ထို့သို့ အကြောင်းကြားလာလျှင် ယင်း၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရမည် ဆိုတဲ့စကားရပ်နဲ့အစားထိုးဖို့ တင်ပြလိုပါတယ်။ ပြင်ဆင်ထားတဲ့ အပိုဒ် ၈ ရဲ့ အောက်မှာတော့ အပိုဒ် ၉ အဖြစ် လက်ခံရေးဌာနသည် ကိုယ်အင်္ဂါ အစိတ်အပိုင်း လက်ခံခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဆိုတဲ့ အပိုဒ်တစ်ပိုဒ်ကို အသစ်ဖြည့်စွက်ဖို့ တင်ပြလိုပါတယ်။ အပိုဒ် ၁၂၊ အပိုဒ်ခွဲ (က)မှာဖော်ပြထားတဲ့ စကားရပ်တွေအစားတော့ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူက လှူဒါန်းသောကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခွင့်ရှိသည် ဆိုသည့်စကားရပ်နဲ့ ပြင်ဆင်ဖို့တင်ပြလိုပါတယ်။ အပိုဒ်ခွဲ(ဂ)ကိုတော့ ရင်ခွဲစစ်ဆေးလျက်ရှိသော မှုခင်းဖြစ်ရပ်တစ်ခုခုကြောင့် သေဆုံးသူထံမှသတ်မှတ် အရည်အသွေးနှင့် ပြည့်စုံသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ဆိုတဲ့စကားရပ်နေရာမှာ မှုခင်းဖြစ်ရပ်တစ်ခုခုကြောင့် ရင်ခွဲစစ်ဆေးလျက်ရှိသော သေဆုံးသူထံမှ သတ်မှတ်အရည် အသွေးနှင့်ပြည့်စုံသော

ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူရန်ဆိုပြီးတော့ ပြည့်စုံမှုရှိအောင် ပြင်ဆင်ဖို့ တင်ပြလိုပါတယ်။ အပိုဒ်ခွဲ(ခ)မှာတော့ ပုဒ်မခွဲ(က)အရ ထုတ်ယူသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို သက်ဆိုင်ရာလက်ခံရေးဌာနသို့ စနစ်တကျလွှဲပြောင်းပေးရမည်လို့ ပြင်ဆင်ဖို့ တင်ပြလိုပါတယ်။ အပိုဒ် ၁၃ မှာတော့ မှုခင်းဆိုင်ရာကိစ္စဖြစ်၍ ရင်ခွဲစစ်ဆေးမှုဆောင်ရွက်နေဆဲဖြစ်ခြင်းလို့ ပြင်ဆင်ဖို့တင်ပြလိုပါတယ်။ အပိုဒ် ၁၅ မှာ ဖော်ပြထားတဲ့ စကားရပ်တွေအစားတော့ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)အရ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူထံမှ ထုတ်ယူရရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အစားထိုးကုသခြင်း ပြုလုပ်ရာတွင် အရည်အသွေးစစ်ဆေးရေးအဖွဲ့က သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိ၊မရှိ စစ်ဆေးပြီး အရည်အသွေးပြည့်မီသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကိုသိုလှောင်ခြင်းပြုရန် သက်ဆိုင်ရာလက်ခံရေးဌာနသို့ ပေးပို့ရမည်ဆိုတဲ့စကားရပ်နဲ့ အစားထိုးဖို့တင်ပြလိုပါတယ်။ အပိုဒ် ၁၆ မှာတော့ လက်ခံရေးဌာနသည် သိုလှောင်ရန်ရရှိလာသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်ချက်များနှင့်အညီ သိုလှောင်ရမည်။ အပိုဒ် ၁၇ မှာတော့ အစားထိုးကုသရန်လိုအပ်၍ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူကသတ်မှတ်သည့် နည်းလမ်းနှင့်အညီ တောင်းခံလာသည့် လက်ခံရေးဌာနက လိုအပ်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စိစစ်၍ ထုတ်ပေးရမည်လို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

(ဃ) မူလဥပဒေကြမ်း အပိုဒ် ၁၉ မှာ ဖော်ပြထားတဲ့ အခြားမည်သည့်အကြောင်းနှင့်မျှ လွှဲပြောင်းခြင်း ဆိုသည့်စကားရပ်ကို ပြည့်စုံမှုရှိဖို့အတွက် အခြားမည်သည့် အကြောင်းဖြင့်မျှ ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်းလို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၂၀ မှာတော့ ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် မတရားသြဇာလွှမ်းမိုးခြင်းလို့ ဖော်ပြထားတဲ့နေရာမှာ ပိုမိုပြည့်စုံအောင်အတွက် ဖြားယောင်းခြင်း၊ တိုက်တွန်းခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းလို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၂၁ ကိုတော့ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းခြင်းပြုရန် ဆန္ဒမရှိသူထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူခြင်း၊ ယင်းသို့ထုတ်ယူရန် ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် မတရားသြဇာ လွှမ်းမိုးခြင်းမပြုရလို့ ပြင်ဆင်သင့်ကြောင်းတင်ပြလိုပါတယ်။ အပိုဒ် ၂၂ ကိုတော့ မည်သူမျှလှူဒါန်းသော ကိုယ်အ်ဂါအစိတ်ပိုင်းမှတစ်ပါး အခြားကိုယ်အင်္ဂါ အစိတ် အပိုင်းတစ်ခုခုကို လှူဒါန်းသူ၏ သဘောတူညီချက်မရရှိဘဲ ထုတ်ယူခြင်း၊ ယင်းသို့ထုတ်ယူရန်တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်းမပြုရလို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၂၃ ကိုတော့ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ မှတ်ပုံတင်စာရင်းပါ ရေးသွင်းထားချက်များကို မရိုးမဖြောင့်သောသဘောဖြင့်ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းမပြုရလို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၂၄ ကိုတော့ မည်သူမျှ ပုဒ်မ ၁၇ မှ ၂၁ အထိပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုကျူးလွန်ရန် အားပေးကူညီခြင်းမပြုရလို့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၂၈ မှာတော့ မည်သူမဆို

ပုဒ်မ ၂၂ ပါတားမြစ်ချက်ကိုဆိုတဲ့ စကားရပ်ကို ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၃၁ မှာတော့ နဂိုကဖော်ပြထားတာက ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမ ကျင့်ထုံးဥပဒေအရဖြစ်စေဆိုသည့် စကားရပ်ကို ဥပဒေရေးထုံး အသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဆိုတဲ့ စကားရပ်နဲ့ အစားထိုး ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

(င) မူလဥပဒေကြမ်းတွင်ပါရှိတဲ့ အပိုဒ် ၈၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဃ) တို့ကိုတော့ မလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်သင့်ကြောင်းလေ့လာ တွေ့ရှိရပါတယ်။ မြန်မာစာသတ်ပုံနဲ့ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက်လည်း ပြင်ဆင်သင့်သည်များကို တစ်ပါတည်းပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပြောင်းလဲသွားတဲ့အပိုဒ်နဲ့ အပိုဒ်ခွဲများကိုလည်း ပြန်လည်စိစစ် ထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့သဘောထားမှတ်ချက်ကို တင်ပြပါမယ်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပညာရှင်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၀-၈-၂၀၁၅ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အခမ်းအနားမှူး။** ။ ကျွန်တော်တို့ လွှတ်တော် ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်များအတွက် သိမှတ်ဖွယ်ရာအကြောင်းနဲ့ ပတ်သက်တဲ့ စာအုပ်တွဲလေး(၅)အုပ်ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်က ဦးမြင့်နိုင် ရေးသားပြီးတော့မှ ပေးထားတဲ့ စာအုပ်လေး ဖြစ်ပါတယ်။ ဒါကို ဥက္ကဋ္ဌကြီးကနေပြီးတော့ ရွေးကောက်ပွဲဝင်မယ့် လွှတ်တော်ကိုယ်စားလှယ်များသိရှိဖို့လို့ အတွက်ကို လက်ဆောင်အနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ပေးထားပါတယ်။ အဲဒီ(၅)အုပ်တွဲလေးကို လိုချင်တယ်ဆိုလို့ရှိရင်တော့ အခုကျွန်တော်တို့ ကောင်တာမှာ ပြန်လည်ထွက်ခွာတဲ့အချိန်မှာ အလိုရှိသူများ ထုတ်ယူနိုင်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ လက်ဆောင်အနေနဲ့ ဖြန့်ဝေပေးခြင်း ဖြစ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီ၏ လောက်ကိုင်ဒေသတွင် နိုင်ငံအတွက် အသက် ပေးဆပ်ခဲ့သူများ/ဒဏ်ရာရစစ်သည်များနှင့် ကြက်ခြေနီ မောင်မယ်များအတွက် ဂုဏ်ပြုထောက်ပံ့ပေးအပ်ခြင်း၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များ အား ကုသပေးခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်(တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း) မြို့နယ်များအတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီဆောင်ရွက်မှုများနှင့် အထွေထွေ လှူဒါန်းခြင်း အစီရင်ခံစာ (၇/၂၀၁၅)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီက လောက်ကိုင်ဒေသတွင် နိုင်ငံအတွက် အသက်ပေးဆပ်ခဲ့သူများ/ဒဏ်ရာရစစ်သည်များနှင့် ကြက်ခြေနီမောင်မယ်များအတွက် ဂုဏ်ပြုထောက်ပံ့ပေးအပ်ခြင်း၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များ အား ကုသပေးခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်(တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း) မြို့နယ်များအတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီဆောင်ရွက်မှုများနှင့် အထွေထွေလှူဒါန်းခြင်း အစီရင်ခံစာ (၇/၂၀၁၅)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၄။**

**ဦးခင်ရွှေ(ဥက္ကဋ္ဌ၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ)။** ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေမှ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ (၇/၂၀၁၅) အားဖတ်ကြားတင်သွင်းသွားပါမယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့် လမ်းညွှန်ဦးဆောင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အနုပညာသည်များဟာ လောက်ကိုင်ဒေသဖြစ်စဉ်ကြောင့် ရှေ့တန်းမှာအမိမြေ၏ အချုပ်အခြာအာဏာကိုကာကွယ်နေတဲ့ တပ်မတော်သားများကို အားပေးကူညီထောက်ပံ့ပေးခြင်း၊ နိုင်ငံတော်အတွက် အသက်ပေးလှူသူများ၊ ဒဏ်ရာရစစ်သည်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာများအား ဂုဏ်ပြုရန် နေပြည်တော်မှ ဧပြီလ(၄)ရက်နေ့၊ နံနက်(၈း၀၀)နာရီမှာ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားခဲ့ရာ လားရှိုးမြို့သို့ နံနက်(၉း၁၀)အချိန်မှာ ရောက်ရှိပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်တဲ့အဖွဲ့သည် လားရှိုးမြို့အမှတ်(၉)တပ်မတော်ဆေးရုံခုတင်(၁၀၀)မှာ တက်ရောက်ကုသလျက်ရှိတဲ့ ဒဏ်ရာရတပ်မတော်သားများကို သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်းသို့ ဥက္ကဋ္ဌနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အနုပညာရှင်များက ဂုဏ်ပြုလက်ဆောင်များပေးကမ်းခဲ့ပါတယ်။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဟာ လားရှိုးမြို့၊ မြို့တော်ခန်းမမှာကျင်းပတဲ့ ရှေ့တန်းရောက် တပ်မတော်သားများ၊ နိုင်ငံတော်အတွက်အသက်ပေးဆပ်သူ၊ ဒဏ်ရာရသူနှင့် ရှေ့တန်းတွင်တာဝန်ထမ်းဆောင်နေတဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲနှင့် ဒဏ်ရာရမီဒီယာများအား ထောက်ပံ့ခြင်း အခမ်းအနားကို တက်ရောက်ကြပါတယ်။ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်ခရိုင်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိများနှင့် တပ်မတော်သားများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ဂုဏ်ပြုကြပါတယ်။

အခမ်းအနားမှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီးနောက် ဆက်လက်ပြီးတော့ ရှေ့တန်းမှာတာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားများအတွက် ကျပ်သိန်း(၁၈၀၀) တန်ဖိုးရှိတဲ့ ဂုဏ်ပြုပစ္စည်းများပေးအပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး က နေပြီးတော့ လက်ခံရယူခဲ့ပါတယ်။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေကနေပြီးတော့ နိုင်ငံတော်အတွက်အသက်ပေးဆပ်သူ ကြက်ခြေနီ တပ်ဖွဲ့ဝင်ဒုတိယအရာခံဗိုလ်ဦးမိုးကျော်သန်းအတွက်ကိုသူ့ရဲ့ဇနီးကိုလည်းကောင်း၊ ဒဏ်ရာရကြက်ခြေနီ တပ်ဖွဲ့ဝင်(၂)ဦးအတွက် လောက်ကိုင်မြို့နယ်၊ ကြက်ခြေနီတပ်ဖွဲ့ ဦးစီးအရာရှိ ဒုတိယတန်း ဦးကျော်ဇောထူးနှင့် ကွမ်းလုံမြို့နယ်ကြက်ခြေနီမှ တပ်သား ဦးဇော်မင်းထိုက် တို့ကိုလည်းကောင်း၊ ရှေ့တန်းတွင်တာဝန်ထမ်းဆောင်တဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဝတ်စုံဖိုးထောက်ပံ့ငွေကို ပေးအပ်ရာတာဝန်ရှိသူ(၂)ဦးမှလည်းကောင်း၊ MRTV-4 မှ

ဒဏ်ရာရသူ သတင်းထောက် မောင်မြတ်သီဟအောင် ကိုယ်စား ဦးဝင်းနိုင်က လည်းကောင်း လက်ခံရယူကြပါတယ်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် က ကျေးဇူးတင် စကားပြောကြားခဲ့ပါတယ်။ အခမ်းအနားအပြီးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် လားရှိုးမြို့ရှိအညတရစစ်သည်ဗိမာန်သို့သွားရောက်ကာ နိုင်ငံတော်အတွက် အသက်ပေးဆပ်သူများကို ဂုဏ်ပြုအလေးပြုကြပြီးနောက် နေ့လယ်ပိုင်းတွင် လားရှိုးမြို့မှ ပြင်ဦးလွင်မြို့ကို လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။

ပြင်ဦးလွင်ခရီးစဉ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့် ဦးဆောင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ(၅)ရက်နေ့၊ နံနက်(၈)နာရီတွင် ပြင်ဦးလွင်မြို့ရှိ သူရမချစ်ပိုအုတ်ဂူသို့ သွားရောက်ဂုဏ်ပြု ပန်းခွေချခဲ့ကြပါတယ်။ ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဟာ အမှတ်(၁) တပ်မတော်ဆေးရုံခုတင်(၇၀၀)မှာ လောက်ကိုင်ဒေသတိုက်ပွဲများ၌ ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေတဲ့ တပ်မတော်သားများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို တစ်ဦးချင်းပေးအပ်ခဲ့ပါတယ်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် အမှတ်(၁)တပ်မတော် ဆေးရုံခုတင်(၇၀၀)ခန်းမတွင် ကျင်းပတဲ့နိုင်ငံတော်အတွက် အသက်ပေးဆပ်သူ တပ်မတော်သားများနှင့် ဒဏ်ရာရသူ တပ်မတော်သားများအား ဂုဏ်ပြုသည့်အခမ်းအနားကို တက်ရောက်ကြပါတယ်။ အဆိုပါ အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးနှင့် ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူတို့တက်ရောက်ကြပါတယ်။ ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကနေ အမှာစကားပြောကြားခဲ့ပါတယ်။ ထို့နောက် အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဒေါက်တာခင်ရွှေက ဂုဏ်ပြုရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပါတယ်။ ယင်းနောက် လောက်ကိုင်ဒေသ ဖြစ်စဉ်များနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်အတွက် အသက်ပေးဆပ်သူ တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း(၅၀၀)ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပေးအပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးထွန်း က လက်ခံရယူပါတယ်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော်ဒေါက်တာခင်ရွှေ နှင့် ဦးနေဝင်းထွန်းတို့မှ ကျပ်သိန်း(၁၀၀)စီအား ဆက်လက်ပေးအပ်လှူဒါန်းခဲ့ပါတယ်။

မွန်းလွဲပိုင်းမှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ပြင်ဦးလွင်မြို့မှ နေပြည်တော်သို့ လေယာဉ်ဖြင့်ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။ ဧပြီ(၄)ရက်ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ အမှတ်(၁) တပ်မတော်ဆေးရုံခုတင်(၇၀၀)၌ ဆေးရုံတက်ဒဏ်ရာရသူ တပ်မတော်သားများအား အနုပညာရှင်များက ဖျော်ဖြေဂုဏ်ပြုပွဲကျင်းပခဲ့ရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့် နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်စိုးထွန်း၊ ပြင်ဦးလွင်တပ်နယ်မှူးဗိုလ်မှူးချုပ်မြင့်မောင်၊ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့မှ

နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးတို့၊ ပြင်ဦးလွင်တပ်နယ် တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်သားများ၊ ဒဏ်ရာရစစ်သည်များ၊ တပ်နယ်မှမိသားစုများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြပါတယ်။

အဲဒီခရီးစဉ်ကို အမျိုးသားလွှတ်တော်ကနေပြီးတော့ သိန်း(၁၀၀)၊ အမျိုးသားလွှတ်တော် ဦးနေဝင်းထွန်း ကနေပြီးတော့ ငွေကျပ်သိန်း(၁၀၀)၊ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ၊ ဒေါက်တာခင်ရွှေ၊ ဇေကမ္ဘာကုမ္ပဏီကနေပြီးတော့ ငွေကျပ်ပေါင်း သိန်း(၂၉၄၃)သိန်းကို လှူဒါန်းခဲ့ပါတယ်။ နောက် ဒုတိယကတော့ ကျွန်တော် အကျယ်မဖတ်တော့ပါဘူး။ ဒီ ဖြူးမြို့က မြို့တော်ခန်းမမှာ သိန်း(၁၀၀၀) သီးခြားလှူခဲ့ပါတယ်။ နောက် တတိယအနေနဲ့ ရမည်းသင်း ကျွန်တော် ဒုတိယအကြိမ် မျက်စိအလင်းလှူဒါန်းပွဲပြုလုပ်ခြင်း။ အဲဒီမှာ(၁၀)ပါးမြောက်အပါး တိပိဋကရေခမ္မ ဘဏ္ဍာဂါရိက အရှင်ကုန္တပါလ နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သီရိပျံချီဦးခင်အောင်မြင့်တို့အား အမှူးထားပြီးတော့ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေကနေပြီးတော့ ရမည်းသင်းနဲ့ ပျော်ဘွယ်မြို့နယ်အတွင်းမှာရှိတဲ့ မျက်စိဝေဒနာရှင်များအား ခွဲစိတ်စမ်းသပ် လှူဒါန်းတဲ့ အခမ်းအနားကို အဲဒီနေ့နံနက်(၈)နာရီကနေ ညနေပိုင်းအထိလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးရမည်းသင်း ပြည်သူ့ဆေးရုံမှာပြုလုပ်ခဲ့ပါတယ်။ ရမည်းသင်းမှာ ဒုတိယမြောက် မျက်စိအလင်းလှူဒါန်းခြင်း ဖြစ်ပြီးတော့ ရမည်းသင်းမြို့နယ်မှ(၆၀၉)ဦး၊ ပျော်ဘွယ်မြို့နယ်မှ(၂၄၃)ဦး၊ စုစုပေါင်း(၈၅၂)ဦးတို့ကို မျက်စိအထူးကုပါရဂူ ဆရာဝန်ဒေါက်တာအေးကို ဦးဆောင်တဲ့ ပါရဂူ(၁၃)ဦး၊ သူနာပြု နှင့် မျက်မှန်ကျွမ်းကျင်သူ(၁၇)ဦးပါတဲ့အဖွဲ့ကနေပြီးတော့ ကူညီစောင့်ရှောက်ကြပါတယ်။

အဲဒီအခမ်းအနားကို (၁၀)ပါးမြောက် တိပိဋကရေခမ္မဘဏ္ဍာဂါရိက အရှင်ကုန္တပါလနဲ့ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ကျွန်တော် ဒေါက်တာခင်ရွှေ နောက် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့်တာဝန်ရှိသူများ ကူညီတက်ရောက်အားပေးခဲ့ကြပါတယ်။ ရမည်းသင်းမြို့နယ်နဲ့ ပျော်ဘွယ်မြို့နယ်အတွင်းမှာရှိတဲ့ မျက်စိဝေဒနာရှင်ပြင်ပလူနာပေါင်း(၁၀၁၈)ဦး၊ ခွဲစိတ်လူနာပေါင်းက(၁၅၃)ဦး၊ ဆေးပေးတဲ့လူနာပေါင်းက(၂၁၉)ဦးနှင့် မျက်မှန်တပ်ဆင်ပေးတဲ့ လူနာ(၆၄၆)ဦးတို့အား အောင်မြင်စွာ စမ်းသပ်ကုသခွဲစိတ်ပေးနိုင်ခဲ့ပါတယ်။ အဲဒီအပြင် ရပ်ဝေးမှ လာရောက်ကုသတဲ့ မျက်စိဝေဒနာရှင်များရဲ့ နေရေး၊ စားရေးနှင့်ခရီးစရိတ်များအား တာဝန်ယူပေးခဲ့ပါတယ်။ တိပိဋကစက္ကုပါလရဲ့ (၁၉)ကြိမ်မြောက် မျက်စိအလှူအပြင် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များအတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအတွက် ခွဲစိတ်ကုသစရိတ်နှင့် ဆေးဝါးစရိတ် ကုန်ကျငွေလှူဒါန်းခြင်းနှင့် မျက်စိရောဂါဝေဒနာရှင်များနှင့် လူနာစောင့်များအတွက် စားစရိတ်နှင့် ခရီးစရိတ်ကုန်ကျငွေကျပ် သိန်း(၅၂၀)ဖြစ်ပြီးတော့ ယင်းလှူဒါန်းငွေအစုစုအား အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်မိသားစုတို့မှ လှူဒါန်းခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်ရှိ တွံတေး-ကော့မှူး-ကွမ်းခြံကုန်းမြို့နယ်များ အတွက် ဒေသဖွံ့ဖြိုးရေးလှူဒါန်းခြင်းနှင့် အခြားဘာသာ၊ သာသနာ၊ လူမှုရေးနှင့် ကျန်းမာရေး ဆိုင်ရာလှူဒါန်းမှုများကို ဆက်လက်တင်ပြပါမယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်အတွင်းရှိ တွံတေး-ကော့မှူး-

ကွမ်းခြံကုန်းမြို့နယ်များအတွက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီကိုယ်စား ကျွန်တော် ဥက္ကဋ္ဌဒေါက်တာခင်ရွှေ မှ ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် ကျေးလက်နေ ပြည်သူများရဲ့ လိုအပ်ချက်များဖြစ်တဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက်ကို စုစုပေါင်းလှူဒါန်းငွေကျပ်သိန်းပေါင်း (၉၅၇)သိန်းနှင့် အခြားဘာသာရေး၊ လူမှုရေးနှင့်ကျန်းမာရေးဆိုင်ရာ အားကစားကဏ္ဍအပါအဝင် အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီကိုယ်စား ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ စုစုပေါင်းလှူဒါန်းငွေ ကျပ်သိန်းပေါင်း(၃၇၉၇) သိန်း လှူဒါန်းခဲ့ခြင်းဖြစ်ပါတယ်။

အချုပ်အားဖြင့် အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ အနေဖြင့် အမျိုးသားလွှတ်တော်သို့ အစီရင်ခံစာ(၆)ကြိမ် တင်သွင်းခဲ့ရာမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး များမှာ ရင်ဆိုင်တွေ့ကြုံခဲ့ရသော ရေဘေးတွေ၊ လေဘေးတွေ၊ ငလျင်ဘေးတွေ၊ စစ်ဘေးရှောင် ဒုက္ခသည်များ၏ အရေးကိစ္စများကို ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး လိုအပ်ချက်များအတွက် ကျပ်သိန်းပေါင်း(၃၂၂၆)သိန်းကို ကူညီပံ့ပိုးပေးနိုင်ခဲ့ပြီး ယခု(၇/၂၀၁၅) အစီရင်ခံ စာတွင် လောက်ကိုင် ဒေသ တိုက်ပွဲစစ်သည်များအား ဂုဏ်ပြုခြင်းနှင့် ပျော်ဘွယ်၊ ရမည်းသင်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း စတဲ့ဒေသများရဲ့လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကူညီဆောင်ရွက်မှု များအားလုံးပေါင်း ကျပ်သိန်း ပေါင်း(၈၄၆၁) ကူညီထောက်ပံ့ပေးနိုင်ခဲ့တဲ့အတွက်ကြောင့် (၇)ကြိမ် မြောက် အစီရင်ခံစာအထိကို လှူဒါန်းမှုစုစုပေါင်းဟာ ကျပ်သိန်းပေါင်း (၄၀၆၈၇)သိန်းအား အမျိုးသား လွှတ်တော်ကယ်ဆယ်ရေး နှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဇေကမ္ဘာ ကုမ္ပဏီ မိသားစုမှ အကုန်ခံလှူဒါန်းခဲ့ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော် ဒီ စင်မြင့်ပေါ်မှာကော်မတီရဲ့ အစီရင်ခံ စာကို ဖတ်ကြားခွင့်ရတာ ပထမဦးဆုံးအကြိမ်ဖြစ်သလို မကြာခင်မှာရွေးကောက်ပွဲများ ဝင်ကြတော့မှာ ဖြစ်တဲ့အတွက် နောက်ဆုံးအကြိမ် ဖြစ်မည်ဆိုလည်း ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အား ကျေးဇူးတင်စကားလေးပြောခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား အထူးမေတ္တာရပ်ခံ အပ်ပါတယ်။

ပထမ ကျွန်တော်ကျေးဇူးတင်တာကတော့ ကျွန်တော့်ကို ထိုက်ထိုက်တန်တန် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဖြစ်အောင်လို့ ရွေးပေးလိုက်တဲ့ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်မှာ ရှိတဲ့ မဲဆန္ဒရှင်တွေ၊ ဒုတိယကတော့ အမျိုးသားလွှတ်တော် ရောက်တဲ့အချိန်မှာ ပထမ (၃)နှစ်ကို ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဒုတိယ(၂)နှစ်မှာ ယခု ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ အဖြစ်လည်းကောင်း တာဝန်ပေးခဲ့တဲ့ အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး အားလည်းကောင်း၊ ယခုကဲ့သို့ တရားဝင်လှူဒါန်းခွင့် ရရှိရေးအတွက်ကို လမ်းညွှန်မှုပေးခဲ့တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစစအရာရာလိုလေသေး မရှိအောင် ကူညီဆောင်ရွက် ပေးခဲ့ကြတဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ်အသီးသီးရှိဝန်ကြီးများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား လည်းကောင်း၊ ကူညီခွင့်ကိုလက်ခံပေးကြတဲ့ တိုင်းနှင့်ပြည်နယ်များမှ ရေဘေးဒုက္ခသည်များ၊ လေဘေးဒုက္ခသည်များ၊ စစ်ဘေးရှောင် ဒုက္ခ သည်များ၊ ဒုက္ခသည်စခန်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ နောက်

ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လက်ခံပေးကြတဲ့ပုဂ္ဂိုလ်များ၊ အထူးသဖြင့် မျက်စိများ စမ်းသပ်၊ ခွဲစိတ်၊ ကုသရန် လာရောက်ကြတဲ့ မိဘပြည်သူများ၊ အထွေထွေရောဂါလာရောက် ကုသကြတဲ့ပြည်သူများ၊ စေတနာနဲ့ကူညီပေးကြတဲ့ ဆရာဝန်ကြီးများ၊ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြတဲ့ ပါတီအသီးသီးမှ ပုဂ္ဂိုလ်များကိုလည်း အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါတယ်။

အထူးသဖြင့် လှူဒါန်းတဲ့နေရာမှာ ကျွန်တော်တို့ကော်မတီအနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၏လမ်းညွှန်မှုကိုခံယူပြီး လူမျိုးစွဲ၊ ဘာသာစွဲ၊ တိုင်းနှင့်ပြည်နယ်စွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲနဲ့ ကျွန်တော် လှူဒါန်းခဲ့ကြောင်း ကျွန်တော်တင်ပြလိုပါတယ်။

လှူဒါန်းခဲ့တဲ့ ငွေမှာလည်း ဇေကမ္ဘာကုမ္ပဏီလီမိတက်မှ တရားဝင်ရရှိတဲ့ ငွေဖြူများသာ ဖြစ်ပါတယ်။ ကျွန်တော့် ဇေကမ္ဘာကုမ္ပဏီကိုလည်း ၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ် အထိကို မြေသိမ်းပါတယ်ဆိုပြီးတော့ အကြီးအကျယ် နိုင်ငံရေး တိုက်ခိုက်ခံခဲ့ရတဲ့ ကုမ္ပဏီဖြစ်ပြီးတော့ ယခု ၂၀၁၄- ၂၀၁၅ နှစ်မှသာ လွှတ်တော်နှင့်ပြည်သူများ အထိုက်အလျောက် ရှင်းသွားလောက်ပြီလို့ ယူဆရပါတယ်။ နိုင်ငံတိုင်းမှာ IT နှင့် ချမ်းသာတဲ့ကုမ္ပဏီများရှိသလို Super Market တို့၊ ဆောက်လုပ်ရေးတို့၊ စက်မှုတို့၊ ကုန်သွယ်ရေး စတဲ့ စီးပွားရေးလုပ်ငန်း အသီးသီးဖြင့် ချမ်းသာတဲ့သူများလည်း ရှိပါတယ်။ ကျွန်တော့် ကုမ္ပဏီက ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းကလွဲပြီး မည်သည့်လုပ်ငန်းမျှမလုပ်ခဲ့ပါဘူး။ ဒီနေ့အထိ ကားတစ်စီးမှ မသွင်းဘူးသလို မည်သည့် Trading ကုမ္ပဏီမှ မလုပ်ကိုင်ခဲ့ပါဘူး။ ပါမစ်လုပ်ကိုင်ခွင့်နဲ့ ငွေရှာတဲ့ လုပ်ငန်း၊ အထူးအခွင့်အရေးရယူခြင်းလည်း ကျွန်တော်မရှိခဲ့ပါဘူးခင်ဗျာ။

နိဂုံးချုပ်အနေနဲ့ တင်ပြရရင် ကုမ္ပဏီအနေဖြင့် လွှတ်တော်မရောက်ခင်ကလည်း ကျွန်တော် လှူပါတယ်။ အခုလွှတ်တော်ထဲ ပြန်မရောက်ခဲ့ရင်လည်း ကျွန်တော် ဆက်လက်လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ လွှတ်တော်မှတစ်ဆင့် (၂)နှစ်အတွင်းမှာ သိန်းပေါင်း(၄၀၀၀၀)ကျော် လှူဒါန်းခဲ့သလို ဘာသာရေး၊ လူမှုရေး၊ ပညာရေးများကိုလည်း သီးခြားခေါင်းစဉ်အသီးသီးနှင့် ကုမ္ပဏီမှာ ခေါင်းစဉ်အသီးသီး ရှိပါတယ်။ အဲဒီနှစ်တိုင်းလှူလျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် စုစုပေါင်း သိန်းပေါင်းငါးသောင်းလောက် လှူဖြစ်သလို ယခု ၂၀၁၄-၂၀၁၅ နှစ်မှာလည်း သိန်းပေါင်းငါးသောင်းလောက်နီးနီး လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်။ ကုမ္ပဏီရဲ့အမြတ်ခွန်ကိုလည်း ၂၀၁၃-၂၀၁၄နှစ်မှာ သိန်းပေါင်း(၁၄၀၀၀) ပေးသွင်းခဲ့ပြီး ၂၀၁၄-၂၀၁၅ နှစ်မှာ သိန်းပေါင်း (၁၅၀၀၀)လောက် နိုင်ငံတော်သို့သွင်းရမှာဖြစ်ပါတယ်။

ယခုနှစ်လှူဒါန်းတဲ့ ငွေကျပ်သိန်း (၅၀၀၀၀)လောက်ကို အမြတ်ခွန်ရုံးက လက်မခံပါဘူး။ ဘာပြုလို့လည်းဆို အမြတ်ငွေရဲ့ (၂၅) ရာခိုင်နှုန်းဖြစ်တဲ့ ကျပ်သိန်းပေါင်း (၂၀၀၀၀)ပဲ ခွင့်ပြုတဲ့အတွက် ကျန်လှူဒါန်းငွေ အပေါ်မှာလည်း အမြတ်ခွန်ပေးရမှာဖြစ်ကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ဆက်လက်၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေး ဆိုင်ရာများကို လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်ခွင့်ရတဲ့အတွက်ကြောင့် အထူးဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ကြောင်းနှင့် ကျွန်တော်၏ လိုအပ်ချက်များရှိခဲ့ပါလျှင် ခွင့်လွှတ်နားလည်ပေးပါရန် ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ (သသ)




လောက်ကိုင်ဒေသတွင် ဒဏ်ရာရ/အသက်ပေးလှူခဲ့ကြသည့် တပ်မတော်သားများအတွက် သွားရောက်လှူဒါန်းခြင်း (သသ-၁)



ရမည်းသင်းမြို့တွင် တတိယအကြိမ် ဆောင်ရွက်ခဲ့သော မျက်စိ စမ်းသပ်ခွဲစိတ် ကုသခြင်း (သသ-၂)




**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီက လောက်ကိုင်ဒေသတွင် နိုင်ငံအတွက်အသက် ပေးဆပ်ခဲ့သူများ/ ဒဏ်ရာရစစ်သည်များနှင့် ကြက်ခြေနီ မောင်မယ်များအတွက် ဂုဏ်ပြုထောက်ပံ့ပေးအပ်ခြင်း၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ကုသပေးခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်(တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း)မြို့နယ်များအတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီဆောင်ရွက်မှု များနှင့် အထွေထွေလှူဒါန်းခြင်း အစီရင်ခံစာ (၇/၂၀၁၅) ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက လွှတ်တော်သို့ ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၃။**

**ဦးဂျေယောဝ့ူ(တွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ)။** ။ ချစ်ခင်လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဦးဂျေယောဝ့ူ ဖြစ်ပြီး၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ အချိန်ကို ငဲ့ကွက်သောအားဖြင့် အားလုံးဖတ်ကြားခြင်းမပြုဘဲ အမိ မြန်မာနိုင်ငံတော်ကြီးနှင့် ဆက်စပ်သော အကြောင်းအချင်းအရာများကိုသာ အကျဉ်းချုံးဖတ်ကြား တင်ပြ သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

နိဒါန်း

၁။ အထက်ဖော်ပြပါ ကော်မတီကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၈)ရက်နေ့၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၄ ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ နိုင်ငံခြားသံတမန်များနှင့် ဧည့်သည်များအား လက်ခံတွေ့ဆုံခြင်း။

(က) ပါကစ္စတန်သံအမတ် H.E .Ehsan Ullah Batth ဦးဆောင်သောအဖွဲ့နှင့် ၂၅-၉-၂၀၁၄ (၁၅:၀၀) နာရီတွင် I-20 ၌ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

(ခ) စင်္ကာပူသံအမတ် H.E. Roberto Chu ဦးဆောင်သော အဖွဲ့နှင့် I-20 ၌ ၅-၂-၂၀၁၅ (၉:၃၀) နာရီ၌ ကြိုဆိုဧည့်ခံ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ၎င်းအစည်းအဝေး၌ စင်္ကာပူ-မြန်မာချစ်ကြည်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်း၊ နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်၊ အတွင်းရေးမှူး ဦးဝင်းနောင်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးဂျေယောဝ့ူနှင့် ဦးဇော်နိုင်ဦး တို့မှ ကြိုဆိုဧည့်ခံခဲ့ကြပါသည်။

(ဂ) ကနေဒါနိုင်ငံသံအမတ် H.E. Mark Mcdowell ဦးဆောင်သောအဖွဲ့နှင့် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ (၀၉:၀၀) နာရီမှ (၁၀:၀၀)နာရီအထိ အချိန်တွင် ဧည့်ခံ တွေ့ဆုံကြပါတယ်။ ကော်မတီ ဥက္ကဋ္ဌ ဦးညွန့်တင်၊ အတွင်းရေးမှူး ဦးဝင်းနောင်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးအေး၊ ဦးဂျေယောဝ့ူ နှင့် ဦးဇုန်လှယ်ထန်း တို့မှ ကြိုဆိုခဲ့ကြပါတယ်။

၃။ (၁၃၁)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)ညီလာခံ။ ကျား/မတန်းတူညီမျှမှု ရရှိ ရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှု အဆုံးသတ်ရေး ဆောင်ပုဒ်ကို အခြေခံလျက် ဆွေးနွေးခဲ့ကြပါ တယ်။

(က) လက်ရှိကာလ၌ ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံတွင်မျှ ကျား/မတန်းတူညီမျှမှု ရှိနေပြီဟု မကြေညာသေးပါ။ ကမ္ဘာ့လူဦးရေ၏ တစ်ဝက်မှာ အမျိုးသမီးများ ဖြစ်ကြသော်လည်း ကမ္ဘာပေါ်ရှိ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ပါဝင်မှုမှာ (၂၁.၈)ရာခိုင်နှုန်းသာရှိပါတယ်။

(ခ) အမျိုးသမီးကြီး/ငယ်အားလုံး ပုံစံအမျိုးမျိုး အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် အကြမ်းဖက်ခြင်းသည် ယင်းတို့၏ ဂုဏ်သိက္ခာကို ပျက်ယွင်းစေသည်။ အခြေခံ လူအခွင့်အရေးများကို ကျူးလွန် ဖောက်ဖျက်ခြင်းဖြစ်သည်။ အမျိုးသမီးတို့၏ ကျန်းမာရေးကို ပျက်စီးစေသည်။ မျိုးပွားနိုင်စွမ်းကို ကျဆင်းစေသည်။ အမျိုးသမီးတို့အား ယင်းတို့စွမ်းရည်ရှိသလောက် ဖွံ့ဖြိုးမှုမရနိုင်အောင် သိသာသော အကျိုးဆက်များကို ဖြစ်စေသည်။ ဖွံ့ဖြိုးမှုအတွက် အနုတ်လက္ခဏာဆောင်သော အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။ အမျိုးသမီး ကြီး/ငယ်များအား အကြမ်းဖက်မှုပုံစံအားလုံးကို ကျွန်ုပ်တို့က ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချပါသည်။ ကျား/မ တန်းတူမှု မရှိခြင်းနှင့် အမျိုးသမီးများအား အကြမ်းဖက်ခြင်းတို့သည် အပြန်အလှန်အကျိုးပြုနေပါသည်။ အမျိုးသမီးများအား အကြမ်းဖက်မှုကို ပပျောက်အောင်မလုပ်နိုင်ဘဲ ကျား/မတန်းတူညီမျှမှု ရရှိရန် မဖြစ်နိုင်ပါ။

(ဂ) ကျား/မတန်းတူမှု ရရှိရေးနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေးတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရမည်။ အမျိုးသမီးများအား အကြမ်းဖက်မှု ပုံစံအားလုံးကို ရာဇဝတ်မှုအဖြစ် သတ်မှတ်သော ဟန့်တားမှု၊ ကာကွယ်မှုနှင့် အကြမ်းဖက်မှုမှ လွတ်မြောက်လာသော အမျိုးသမီးများအား ကူညီအားပေးမှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းထားသော ပြစ်မှုကျူးလွန်သူများအား အရေးယူခြင်းနှင့် အပြစ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များပါဝင်သော အလုံးစုံအကျုံးဝင်သည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါသည်။

(ဃ) ထို့အပြင် တရားဥပဒေစိုးမိုးရေး အေဂျင်စီများသည် အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၏ လူပုဂ္ဂိုလ်နှင့် ဂုဏ်သိက္ခာတို့ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြစ်မှုဆိုင်ရာ အထောက်အထားများကို ပေါက်ကြားမှုမရှိအောင် ထိန်းသိမ်းရန် အလေ့အကျင့် လုပ်ထားကြရန် လိုအပ်ပါသည်။ သို့မှသာလျှင် အမျိုးသမီးများအနေဖြင့် အကြမ်းဖက်ခံရမှုကို သတင်းပေးပို့ခြင်း၊ ပြစ်မှုကျူးလွန်သူကို ဥပဒေအရ ပြစ်မှုပြစ်ဒဏ်ကျခံ စေခြင်းတို့ကြောင့် ယင်းတို့အတွက် အန္တရာယ်မရှိနိုင်ကြောင်း၊ ပိုမို၍ ယုံကြည်စိတ်ချ လာကြမည် ဖြစ်ပါသည်။

(င) ထိခိုက်လွယ်သော အုပ်စုများ၏ သီးခြားအခြေအနေကို စိစစ်သုံးသပ်ရန်နှင့် ဦးစားပေးများအဖြစ် ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သည့် အထူးသဖြင့် အလွဲသုံးမှု ပြုလုပ်ခံရနိုင်သော အမျိုးသမီးများ၏ ထိခိုက်လွယ်မှု အတိုင်းအတာနှင့် အကြမ်းဖက်မှုတို့သည် ပဋိပက္ခဖြစ်ပွားနေသော ကာလများတွင် သိသာစွာ မြင့်တက်လာလေ့ရှိပါသည်။ အမျိုးသမီး ကြီး/ငယ်တို့သည် လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားနေသော အခြေ

အနေ၏ အဓိကသားကောင်များ ဖြစ်လျက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခများသည် အကြမ်းဖက်လုပ်ရပ်များ၊ မလုံခြုံမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ဆက်စပ်မှု အကြမ်းဖက်မှုနှင့်အတူ အမျိုးသမီးများ၏ ထိခိုက်လွယ်မှုကို မြင့်တက်စေသည်။

(စ) လက်ရှိကာလတွင် ဖြစ်ပွားနေသည့် ပဋိပက္ခအခြေအနေများတွင် အမျိုးသမီးများ၏ အခွင့်အရေးများအား ဖောက်ဖျက်မှုဆိုင်ရာ အစီရင်ခံစာများကို တိုးပွားခြင်းကို ထောက်ရှုလျက် အဆိုပါလုပ်ရပ်များကို ကျွန်ုပ်တို့က လူသိရှင်ကြား ပြစ်တင်ရှုံ့ချပါသည်။ ထို့အပြင် အမျိုးသမီးအခွင့်အရေး ချိုးဖောက်မှုများအား တရားမျှတမှုရှိသယောင် ပြောဆိုနိုင်ရန်အတွက် ဘာသာရေးနှင့် ယဉ်ကျေးမှုတို့ကို အသုံးပြုခြင်းသည် မှားယွင်းသော လုပ်ရပ်ဖြစ်ကြောင်း ကျွန်ုပ်တို့က ကြေညာပါသည်။

(ဆ) ထို့အပြင် ကမ္ဘာ့နိုင်ငံများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅၂(၂၀၀၀)ကို လည်းကောင်း၊ လုံခြုံရေးကောင်စီ၏ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကော်မတီ၏ အထွေထွေထောက်ခံချက်အမှတ်(၃၀)ကိုလည်းကောင်း၊ အပြည့်အဝ အကောင်အထည်ဖော်ကြရမည် ဖြစ်ပါသည်။ အမျိုးသမီးများသည် ထိခိုက် လွယ်သည့် အခြားအုပ်စုတစ်ခုအဖြစ် တည်ရှိနေသည်။ ထိုအုပ်စုသည် အမျိုးသမီး မျိုးပွားအင်္ဂါကို ဒဏ်ရာရစေခြင်း အပါအဝင် အခြားသော အကြမ်းမှု ပုံစံမျိုးကို လည်းကောင်း၊ အခြားသောအန္တရာယ်ရှိသည့် အလေ့အထများကိုလည်းကောင်း တွေ့ကြုံ ခံစားနေကြရသည်။ ထို အလေ့အထများမှာ အရွယ်မရောက်မီ အတင်းအကြပ် အိမ်ထောင်ပြုစေခြင်းနှင့် ဂုဏ်ပြုခြင်းဟု အမည်တပ်ထားသော သတ်ဖြတ်ခြင်း၊ ယစ်ပူဇော်ခြင်းတို့ ဖြစ်ပါသည်။

(ဇ) ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အမျိုးသမီးငယ်ဦးရေ၏ သုံးပုံတစ်ပုံသည် အသက် ၁၈ နှစ် မပြည့်မီ အိမ်ထောင်ချပေးခြင်းခံရပြီး မိန်းကလေးဦးရေ (၃.၃)သန်းသည် မျိုးပွားအင်္ဂါ ဒဏ်ရာရမှု အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရသည်။ ဖြစ်ပွားခဲ့သော အမှုများ၏ (၅၀) ရာခိုင်နှုန်းတွင် လိင်ဆိုင်ရာ တိုက်ခိုက်မှုများသည် အသက်(၁၅)နှစ်နှင့် အောက်ရှိ မိန်းကလေးများကို ပစ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။

၄။ အကြမ်းဖက်မှုနှင့် ပတ်သက်၍ (၁၃၁) ကြိမ်မြောက် IPU ညီလာခံ အလုပ်အမှုဆောင် ကော်မတီ၏ တင်ပြချက်-

(က) ကျွန်ုပ်တို့ အလုပ်အမှုဆောင်ကော်မတီမှ အဖွဲ့ဝင်များသည် ကမ္ဘာတစ်ဝှမ်း၌ အကြမ်းဖက်မှုများ ပျံ့နှံ့လာခြင်းနှင့် ပတ်သက်၍ တင်ပြရန်အတွက် ဂျီနီဗာမြို့တွင် ကျင်းပသော အကြိမ်(၂၇၀)မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြပါသည်။ IPU သည် အကြမ်းဖက်မှု အားလုံးကို ရှုံ့ချပါသည်။

(ခ) အကြမ်းဖက်အုပ်စုများနှင့် အဖွဲ့အစည်းများသို့ လက်နက်နှင့် ငွေကြေးများ ထောက်ပံ့ခြင်းကို ကန့်ကွက်ပါသည်။ ကျွန်ုပ်တို့သည် အကြမ်းဖက်မှုနှင့် အစွန်းရောက်သူများ ပြန့်ပွားလာခြင်းကို တားဆီးရန် ကြိုးပမ်းအားထုတ်မှုတွင် IPU အဖွဲ့ဝင်များအားလုံး အတူတကွ ပူးပေါင်းပါဝင်ရန် တိုက်တွန်းပါသည်။ ကျွန်ုပ်တို့သည် အကြမ်းဖက်မှုနှင့်

အစွန်းရောက်သူများ ပြန့်ပွားလာခြင်းကို တားဆီးရန် ကြိုးပမ်းအားထုတ်မှုတွင် IPU အဖွဲ့ဝင်များအားလုံး အတူတကွ ပူးပေါင်းပါဝင်ရန် တိုက်တွန်းပါသည်။ ကျွန်ုပ်တို့သည် သတင်းမီဒီယာများကို သတင်းအချက်အလက် တင်ပြရာတွင် ဘက်လိုက်မှုမရှိဘဲ တင်ပြရန်နှင့် အကြမ်းဖက်လုပ်ရပ်များဆီသို့ ဦးတည်စေသော မဟုတ်မမှန်သည့် အစွန်းရောက်ဝါဒများကို တိုက်ဖျက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားရန်အတွက်လည်း တိုက်တွန်းပါသည်။

၅။ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၏ ဆက်စပ်သတင်းအချက်များ-

(က) တရုတ်သမ္မတ G20 ထိပ်သီးအစည်းအဝေး တက်ရောက်ခြင်း။

(ခ) ဟောင်ကောင်ကျောင်းသားခေါင်းဆောင်များအား ပြည်မကြီးသို့ဝင်ရောက်ခွင့် ပိတ်ပင်ခြင်း။

(ဂ) ထိုင်းအခြေခံဥပဒေရေးဆွဲရေး၌ နိုင်ငံရေးပါတီ၏ အဆိုပြုချက်များအား လက်ခံ။

(ဃ) အမေရိကန်၊ ဂျပန်၊ ဒိန်းမတ် သုံးနိုင်ငံ မြန်မာအလုပ်သမားဥပဒေရေးဆွဲရာတွင် ကူညီရန်။

(င) တရုတ်သမ္မတ ရှီကျင့်ဖျင် နှင့် စင်္ကာပူဝန်ကြီးချုပ် လီရှန်လွန်း တို့ တွေ့ဆုံခြင်း။

(စ) မလေးရှားနိုင်ငံတွင်ရှိ ဒုက္ခသည်(၁၄၀၀၀)နီးပါးအား သက်သေခံကတ်ပြားများ ထုတ်ပေးမည့် ကိစ္စ။

(ဆ) တရုတ်နိုင်ငံမှ ပိုးလမ်းမသစ်ကို တွန်းအားပေးဆောင်ရွက်။

(ဇ) တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်း ၏ မြန်မာနိုင်ငံခရီးစဉ် နှစ်ဦးနှစ်ဖက် အကျိုးရှိဟု မြင်။

(ဈ) အိန္ဒိယစစ်ရေယာဉ်များ၌ အသုံးပြုမည့် L.R.SAM အောင်မြင်စွာ စမ်းသပ်နိုင်။

(ည) အိန္ဒိယ-မြန်မာနယ်စပ် အာသံရိုင်ဖယ်တပ်ဖွဲ့ဝင်များအား ခြုံခိုတိုက်ခိုက်ခံရ။

(ဋ) နစ်မြုပ်လျှက်ရှိသည့် ဂျပန် သင်္ဘောတွင် တရုတ်အလံလွှင့်ထူထားမှု ဂျပန်တို့ အမျက်ထွက်။

(ဌ) စင်ကာပူနိုင်ငံတည်ထောင်သူ ဝန်ကြီးချုပ်လီကွမ်ယု ကွယ်လွန်အနိစ္စရောက်ခြင်း။

၆။ ဖက်ဒရယ်စနစ်လေ့လာရေးနှင့် အလုပ်ရုံဆွေးနွေးချက်များ

ကော်မတီအဖွဲ့ဝင် ဦးအေး သည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီး၏ ၁၄-၁၁-၂၀၁၄ ရက်စွဲပါ စာအမှတ် ၂/ အမ(ဥပဒေ)၊ ၃-၂ (ကစလ)/ ၂၀၁၄(၄၅၃) ရည်ညွှန်းချက်အရ Hanns Seidel Foundation ၏ အစီအစဉ်ဖြင့် ကျင်းပပြုလုပ်သော ဖက်ဒရယ်စနစ် လေ့လာရေးနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးဆွေးနွေးပွဲသို့ ၁၅-၁၁-၂၀၁၄ ရက်နေ့နှင့်

၁၆-၁၁-၂၀၁၄ ရက်တို့တွင် တက်ရောက်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲ၏ လေ့လာမှတ်သားခြင်း အဖွဲ့ခွဲ၍ အလုပ်ရုံ ဆွေးနွေးချက်များကို တင်ပြအပ်ပါသည်-

(က) မြန်မာနိုင်ငံ၏ ရှေ့ဆက်လုပ်ဆောင်ကြရမည့် ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီ (Federalism and Democracy in Myanmar Tasks Ahead)

(၁) ဆယ်စုနှစ် နှစ်စုကြား နိုင်ငံတကာပိတ်ဆို့မှုတို့ကြောင့် မြန်မာနိုင်ငံသည် အဖက်ဖက် နောက်ကျကျန်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်၊ မတ်လမှစ၍ ပြုပြင်ပြောင်းလဲမှုများ စတင်ခဲ့သည်မှာ ကမ္ဘာကို အံ့သြစေ၍ မျှော်လင့်ချက်များ တိုးပွားလာစေခဲ့ပါသည်။ အတိုက်အခံခေါင်းဆောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ ကြားဖြတ်ရွေးကောက်ပွဲပြီးသည့်နောက် လွှတ်တော်သို့ ဝင်ရောက်၍ နိုင်ငံတော်တည်ဆောက်မှု၌ ပါဝင်လာခဲ့ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ အာဏာခွဲဝေမှုစနစ်တို့ကို စတင်တွေ့ရှိလာခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် မြင့်မားကွာခြားနေလျက်ရှိသော နိုင်ငံခြားဝင်ငွေ လဲလှယ်မှု ဥပဒေများကို ပြဋ္ဌာန်း၍ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

(၂) ဒီမိုကရေစီဝါဒပြန့်ပွားမှုများ၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းတို့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ၊ တိုင်းပြည်၏ သဘာဝအရင်းအမြစ်များ ဖြုန်းတီးမှုနှင့် ကုန်ခန်းလာနေမှု၊ အဆောက်အဦ မလောက်မငှဖြစ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်း၊ ဝန်ထမ်းများ၏ ကြီးနိုင်ငယ်ညှဉ်း လာဘ်ပေးလာဘ်ယူ၊ ခြစားမှု ဓလေ့ထုံးတမ်းများသည် လက်ရှိပြုပြင်ပြောင်းလဲရေးမှု၌ စိန်ခေါ်မှုများပင် ဖြစ်နေပါသည်။

(၃) ဖွံ့ဖြိုးတိုးတက်မှုများ မျှော်လင့်ထားသည်ထက် နှေးကွေးနေရခြင်းမှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ကြန့်ကြာလာမှု၊ မျိုးနွယ်စုများနှင့် အတူနေတိုင်းရင်းသားများကြား ဘာသာရေး ခွဲခြားဆက်ဆံမှု၊ ပဋိပက္ခ ဖြစ်ပွားမှု၊ စီးပွားရေး ပွင့်လင်းမြင်သာမှုကို ဆန့်ကျင်တောင့်ခံနေမှုနှင့် ခရိုနီစနစ်ဟောင်းများ ကြီးစိုးနေမှုတို့ကြောင့် ဖြစ်ရသည်သာမက မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ထွန်းကားမှုကို အတားအဆီး ဖြစ်စေပါသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲ သဘောတူညီမှု အချိန်နှင့်တစ်ပြေးညီမရရှိပါက အဓိပ္ပာယ်ရှိသော နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုနှင့် ပွင့်လင်းသော ဖယ်ဒရယ်စနစ် ညှိနှိုင်းအဖြေရှာမှု မဖြစ်လာနိုင်ပါ။ ဖြစ်စဉ်နှစ်ခုမှာ ကြီးမားစွာ ဆက်နွယ်လျက်ရှိပါသည်။

(၄) ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ မြန်မာ၏ ပြုပြင်ပြောင်းလဲရေး၏ အသစ်သော မိုင်တိုင်တစ်ခု ဖြစ်ပါလိမ့်မည်။ ရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ ကွဲပြားချက်များကို ညှိနှိုင်းခြင်း၊ ဖက်ဒရယ်စနစ် ပြုပြင်ပြောင်းလဲ စိန်ခေါ်မှုများကို ဦးစားပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ မီးရှူးတန်ဆောင်၊ လူမှုရေးနှင့် စီးပွားရေး အခြေအနေတို့သည် ဖက်ဒရယ်အယူအဆ ဖွံ့ဖြိုးလာမှု

အပေါ် များစွာမူတည်နေပါသည်။ Hanns Seidel Foundation (HSF)မှ ပူးပေါင်းပါဝင်၍ နေပြည်တော်တွင် ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၁၅ မှ ၁၈ ရက်၌ ကျင်းပသော ဆွေးနွေးပွဲ ရလဒ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(ကက) ဖက်ဒရယ်ပြုပြင်ရေး လုပ်ငန်းစဉ်၏ ဖြစ်နိုင်ခြေရှိသော စိန်ခေါ်မှုများ၏ အဖြေရှာခြင်း။

(ခခ) ၎င်း၏ သွင်ပြင်လက္ခဏာနှင့် ဖက်ဒရယ်ပြုပြင်ပြောင်းလဲရေးနှင့် ကွာခြားချက်အဆင့်များ။

(ဂဂ) နောက်တွင် ဖက်ဒရယ်ပြုပြင်ပြောင်းလဲရေး၊ လေ့လာရေး၊ ပြောင်းလဲရေးအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဖက်ဒရယ်ပြုပြင်ပြောင်းလဲရေး အစီရင်ခံစာများနှင့် အဓိပ္ပာယ်ရှိသော ဆွေးနွေးပွဲများ ဖြစ်ပေါ်ရန်၊ ပြည်ထောင်စုလွှတ်တော်၏ ဆွေးနွေးရမည့် အဓိက ခေါင်းစဉ်ကြီးတစ်ရပ်မှာ မြန်မာနိုင်ငံအတွင်း ဖက်ဒရယ်မူဝါဒ အစီရင်ခံစာပေါ်ထွန်းရေးတို့ ဖြစ်ပါသည်။

(ခ) **ဖက်ဒရယ်ပြုပြင်ပြောင်းရေးအတွက် ကြိုတင်ရှိရမည့် အရာများ။**

တပ်မတော်နှင့်ပြည်သူ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားခေါင်းဆောင်တို့နှင့် နိုင်ငံရေး သဘောတူညီချက် တည်ဆောက်နိုင်ခြင်းသည် ဖက်ဒရယ်ပြုပြင်ပြောင်းလဲရေးအတွက် ကြိုတင်ရှိရမည့် အရေးကြီးသော အချက်များပင်ဖြစ်ပါသည်။ ယုံကြည်ချက် တည်ဆောက်ရေး လုပ်ငန်းစဉ်သည် နိုင်ငံရေး သဘောတူညီမှုရရှိရန် မရှိမဖြစ် လိုအပ်လျှက်ရှိပါသည်။ ဆယ်စုနှစ်များစွာ ယုံကြည်မှု ပျက်ပြားနေခဲ့မှုကြောင့် ဤလုပ်ငန်းမှာ စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါတယ်။ နှစ်ဖက်ခေါင်းဆောင်များ မကြာခဏ တွေ့ဆုံဆက်ဆံရေးသည် ပြည်သူနှင့်တပ်မတော် ယုံကြည်မှု တည်ဆောက်ရာ၌ လိုအပ်ချက် ရှိပါသည်။ ပဋိပက္ခများဖြစ်ပွားပြီးနောက် တပ်မတော်သည် နိုင်ငံတော် လုံခြုံရေးအတွက်နှင့် နိုင်ငံရေးဦးဆောင်မှု ကဏ္ဍ၌ ပါဝင်နေဆဲပင်ဖြစ်ပါသည်။ မူဝါဒများနှင့် ဦးစားပေးပုံဖော်ပုံပေါ်လစီများ အချင်းချင်း ပူးပေါင်းညှိနှိုင်းသဘောတူညီချက်များ ရရှိနိုင်ပါတယ်။ အမှန်စင်စစ်တော့ နိုင်ငံရေး ပါတီများ အားလုံးသည် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များ ရှိကြပြီးဖြစ် ပါသည်။ တိုင်းရင်းသားခေါင်းဆောင်များသည်လည်း ဘုံရည်မှန်းချက်နှင့် ဦးတည်ချက်များ တိုးတက် ရရှိလာစေရန် အလားတူ လိုအပ်လျက်ရှိပါသည်။ သို့မှသာ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ် ကို ထပ်ထူ သန္နိဋ္ဌာန်ချနိုင်ကြမည် ဖြစ်ပါသည်။ တိုင်းရင်းသားများ၊ တပ်မတော်နှင့်အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်များ တွေ့ဆုံညှိနှိုင်း အဖြေရှာရန် အဟန့်အတားများကို နားလည်မှုရယူပြီး ဖက်ဒရယ် ပြုပြင်ပြောင်းလဲရာ၌ ဖြစ်နိုင်ချေရှိသော အတားအဆီးများ ဗဟိုနှင့်ဒေသန္တရ အစိုးရအကြား ကောင်းမွန်သောဆက်ဆံရေး ပေါ်ထွန်းစေရန် စိန်ခေါ်မှုများရှိပါသည်။ တိုင်းရင်းသားဒေသများမှာ သဘာဝသယံဇာတ ထုတ်လုပ်မှု၏ အခွန်ကဏ္ဍ ဒေါင်လိုက်နှင့် အလျားလိုက် ခွဲဝေမှုဇယားညှိနှိုင်းရန် လိုအပ်ပေသည်။ လက်တလော မြေယာခွဲဝေ သုံးစွဲမှုနှင့် လယ်ယာများမှာ ရှုပ်ထွေး၍ ရှင်းလင်း ပြတ်သားမှု မရှိပါ။ ဖက်ဒရယ်မူဝါဒသို့ ချီတက်ရန် ၂၀၀၈၊ ဖွဲ့စည်းပုံပြင်ဆင်ရန် လိုအပ်ပေမည်။

ပြည်ထောင်စုအစိုးရနှင့် ဒေသန္တရအစိုးရအကြား အချုပ်အခြာ အာဏာခွဲဝေမှု ပါရှိသော စာပိုဒ် စာလုံးများပါရှိရေး၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ လုပ်ပိုင်ခွင့်များတွင် ဘဏ္ဍာရေးဆိုင်ရာ ခွဲဝေမှုများ ပါဝင်ရမည်။ ဖက်ဒရယ်စနစ်သည် အမျိုးသားဖွဲ့စည်းပုံ မူဘောင်အတွင်းမှ ဒေသန္တရ ဆိုင်ရာ မိမိ၏ဖွဲ့စည်းပုံဖြင့် ကျင့်သုံးခြင်းဖြစ်ပါသည်။ မိမိအစိုးရအဖွဲ့ကို မိမိဘာသာ ခန့်အပ်နိုင်စွမ်း ရှိခြင်း ဖြစ်သည်။

(ဂ) **ရှေ့ဆက်လုပ်ဆောင်ရမည့် ဦးစားပေးသော့ချက်များ**

(၁) အမျိုးသားဖွဲ့စည်းပုံ အခြေခံဥပဒေမူဘောင်အတွင်း ပြုလုပ်သည့် ပြည်နယ်နှင့် တိုင်း ဒေသကြီးတို့၏ဖွဲ့စည်းပုံ သို့မဟုတ် ချာတာ ရရှိလာရန် အဆင့်အတန်း မြှင့်တင်ခြင်း၊ မိမိ၏ ဝန်ကြီးချုပ်အား မိမိပြည်နယ် တိုင်းဒေသကြီး လွှတ်တော်မှ ရွေးကောက် တင်မြှောက်ခြင်း၊

(၂) ဒေသန္တရနှင့် ကျင့်သုံးနိုင်သော အခွင့်အာဏာများနှင့် ဗဟိုနှင့်ဒေသန္တရအာဏာခွဲဝေမှု များကို ပိုမို၍ အသိပေးခြင်းနှင့် တွေ့ဆုံဆွေးနွေးကြရမည်။

(၄) အမျိုးသားလွှတ်တော်၊ အထက်လွှတ်တော်သည် တိုင်းရင်းသားများ အချိုးညီညီ ပါဝင် ခွင့်ရရန်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၏ လိုအပ်ချက်များကို တိုက်ရိုက် ထုတ်ပြန် နိုင်သော ဗီတိုအာဏာရရှိနိုင်ရေး၊

(၅) အချုပ်ဆိုရလျှင် ဖက်ဒရယ်ရှိခြင်း၏ အကျိုးတရားများ ပိုမိုရရှိမည်ဖြစ်၍ ပြည်သူ တစ်ရပ်လုံးသည် ထိုဖက်ဒရယ်ပျက်သုဥ်းခြင်း၏ ဆိုးကျိုးများမှာ ခါးပိုက်ဆောင်တပ် များအား ခဲရာခဲဆစ် အပြုတ်တိုက်ရခြင်း၊ တိုင်းပြည်မငြိမ်မသက် ဖြစ်ပွားနေရခြင်း နှင့် တိုင်းပြည်၏ ချွတ်ခြုံကျဆင်းရဲခြင်းတို့ပင်ဖြစ်သည်။ ဖက်ဒရယ်စနစ်မှာ မိဘ ကဲ့သို့ ဖြစ်ပါသည်။ဖခင်နှင့်တူသော ဗဟိုပြည်ထောင်စုအဆင့်မှ တိုင်းပြည် အတွက် ဝင်ငွေရှာပေးခြင်း၊ အရေးကြီးတဲ့ဆုံးဖြတ်ချက်များ ပြုလုပ်ပေးရပါသည်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဦးဂျေယောဂူ(တွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ)**။ ။ မိခင်နှင့်တူသော ပြည်နယ်တိုင်းဒေသကြီးအစိုးရများ လည်း မိမိ၏ကိစ္စအဝဝကို စီမံခန့်ခွဲမှုပင်ဖြစ်ပါတယ်။ ဆက်လက်ပြီး ကျန်ရှိတဲ့ အပိုင်းကို တပ်မတော် သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဦးစိုးလင်း မှ တင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစီရင်ခံစာ ဝေထားပြီးသားမို့လား။ အစီရင်ခံစာ ဝေထားပြီးသား မဟုတ်လား။ နိဂုံးချုပ်လိုက်ပါ။

**ဦးဂျေယောဂူ(တွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ)**။ ။ အခုလို ကျွန်တော်တို့ အစီရင်ခံစာကို တင်ပြခွင့်ရတဲ့ အတွက်ကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူး အထူးတင်ရှိပါတယ် ခင်ဗျား။

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၇၃) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၇၄) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၃) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၄) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၃)ရက်မြောက်နေ့ကို ၁၂း၀၆ နာရီအချိန်တွင် ရပ်နားပါသည်။]